ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလကွယ်၊ တနင်္ဂနွေနေ့၊ (11-7-2010) (၆၄၅၆)

ရင်းရင်းနှီးနှီးတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာအုပ်စုရှိ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

မန္တလေးတိုင်းအတွင်းရှိ စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေး

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး

လိုအပ်သည်များကို ပေါင်းစပ်ပြည့်ဆည်းစီမံဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာပြီး ပျော်ဘွယ်မြို့ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်စက်ရုံ(ပျော်ဘွယ်)သို့ ရောက်ရှိသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်စွမ်းအား အသုံးချနိုင်မှု အခြေအနေ၊ ကုန်ထုတ်လုပ်မှု အခြေအနေ၊ ကုန်ကြမ်းရရှိမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ၊ ကုန်သွယ်မှု အခြေအနေနှင့် ဝန်ထမ်းအင်အားတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် ဝန်ကြီးချုပ်က ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝါစိုက်တောင်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် နည်းလမ်းရှာကြံဆောင်ရွက်ပေးရန်၊ ဝါစိုက်နည်းစနစ်မှန်ကန်ပြီး ဓာတ်မြေဩဇာသုံးစွဲမှု စနစ်တကျဖြစ်ရေးအတွက် ပညာပေးဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ဝိုင်းဝန်း

စာမျက်နှာ ၇ ကော်လံ ၁ သို့☆

Float Glass မှန်စက်ရုံစီမံကိန်း

စက်ရုံများနယ်မြေ(ကျောက်ဆည်)ရှိ Float Glass မှန်စက်ရုံစီမံကိန်းကို တွေ့ရစဉ်။

(သတင်းစဉ်)

၁၁-၇-၂၀၁၀
(တနင်္ဂနွေနေ့)

တီဘီရောဂါတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်

လူ့ဘဝတွင် အသက်ရှည်ပြီး ကျန်းမာကြံ့ခိုင်မှုရှိမှသာ အရာရာကို သယ်ပိုးဆောင်ရွက်နိုင်ကြပေမည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့ နေထိုင်နိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်ထားရှိသည်။ ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးနေသည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၏ အကျိုးရလဒ်အဖြစ် ၁၉၇၈ ခုနှစ်တွင် ကျောက်ကြီးရောဂါပပျောက်စေခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အနာကြီးရောဂါ၊ ၂၀၁၀ ခုနှစ်တွင် မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါတို့ ကင်းဝေးစေခဲ့ပြီဖြစ်သည်။

တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကိုမူ တစိုက်မတ်မတ် ဆက်လက်ကြိုးပမ်းကြရပေဦးမည်။ တီဘီရောဂါသည် တီဘီရောဂါပိုးကြောင့် ဖြစ်ပွားသော ရောဂါဖြစ်သည်။ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု အများဆုံး ၂၂နိုင်ငံတွင် ပါဝင်လျက်ရှိရာ ၂၀၀၃ ခုနှစ်မှစတင်ပြီး အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ တီဘီရောဂါတိုက်ဖျက်ရေး ဝန်ထမ်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်း၍ ဖော်ဆောင်လျက်ရှိသည်။

တီဘီရောဂါရှိသူတစ်ဦးက စကားပြော၊ ချောင်းဆိုး၊ နှာချေသည့်အခါ လေထဲမှတစ်ဆင့် အခြားသူတစ်ဦးသို့ ကူးစက်တတ်သည်။ မျိုးရိုးလိုက်သော ရောဂါမဟုတ်ဘဲ မိသားစုအတွင်း၊ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်ခန်းများအတွင်း တီဘီရောဂါရှိနေသူတစ်ဦးထံမှ အခြားတစ်ဦးသို့ အဆင့်ဆင့် အလွယ်တကူ ကူးစက်နိုင်သောကြောင့် ရောဂါမပြန့်ပွားရေး သတိပြုကာကွယ်သွားကြရပေမည်။

လူတစ်ဦးသည် ရက်သတ္တသုံးပတ်ကျော် ချောင်းဆိုးနေခြင်း၊ ညနေပိုင်း ကိုယ်အပူချိန်တက်ခြင်း၊ အဖျားတာရှည်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ကိုယ်အလေးချိန်လျော့ခြင်း၊ သလိပ်တွင်သွေးပါခြင်း၊ မောပန်းလွယ်ခြင်း၊ ကျောရင်အောင့်ခြင်းတို့ဖြစ်ပေါ်နေပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်စစ်ဆေးကြရမည်ဖြစ်သည်။ တီဘီရောဂါ ဝေဒနာရှင်အများစုသည် မိမိတို့တွင် တီဘီရောဂါရှိနေမှန်းမသိရှိကြခြင်းနှင့် သိရှိကြသော်လည်း ရောဂါပျောက်ကင်းသည်အထိ အပြည့်အဝကုသမှု မခံယူခြင်းတို့ကြောင့် ရောဂါကူးစက်ဖြစ်ပွားသူ များပြားလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် တီဘီရောဂါတိုက်ဖျက်ရေးကို တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံးနည်းဖြင့် တစ်ပြည်လုံးလွှမ်းခြုံ၍ အခမဲ့ကုသပေးနေသည်။ လက်ရှိသုံးစွဲနေသည့် တီဘီဆေးပေါင်းသည် အစွမ်းထက်ဆေးများဖြစ်၍ ရောဂါပျောက်ကင်းစေရန် ကုသပေးနိုင်သည်။ တီဘီရောဂါဖြစ်နေသူများ တွေ့အောင်ရှာ၊ အမြန်ဆုံးပျောက်ကင်းစေရန် ကုသပေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူများအားလုံးက တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးအသိဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

Database Applications Development သင်တန်းဖွင့်လှစ်မည်

ရန်ကုန်　　ဇူလိုင်　　၁၀

Myanmar Professionals Education Centre (MPEC) က အရည်အချင်း ပြည့်ဝသော Database Applications Developer, Database Administrator ဖြစ်လိုသူများအတွက် ရည်ရွယ်၍ Database Applications Development သင်တန်းကို ဖွင့်လှစ်မည်ဖြစ်သည်။

ထိုသင်တန်းတွင် Database Management System များ၏ တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံနည်းစနစ်များကို Oracle Database Serverနှင့် Microsoft SQL Server 2008 ကို အသုံးပြုပြီး သင်ကြားပေးမည်ဖြစ်သည်။

ထို့အပြင် Database Server များ၏ Background Services, Data Files, Recovery Logs Files နှင့် Memory Structure တို့ကို မိမိတို့လုပ်ငန်းလိုအပ်ချက်များအတိုင်း စွမ်းဆောင်မှုအကောင်းဆုံးဖြစ်အောင် Configuration ပြုလုပ်နိုင်စေရန်၊ Database Management Systems များကို အသုံးပြုပြီး Database Application System များကို အကောင်းဆုံးဖြစ်အောင် ရေးသားနိုင်စေရန်၊ Complex Query Language များကို ရေးသားနိုင်ရန်နှင့် Database Logical Design and Physical Design တို့ကို ထိထိရောက်ရောက်ပြုလုပ်နိုင်ပြီး Software Developer ကောင်းတစ်ယောက်ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်သည်။

အထူးသဖြင့် Data Records သန်းနှင့်ချီသော Processing များနှင့် Reporting များကို ပြုလုပ်နိုင်ရန်အတွက် အခြေခံကောင်းများရရှိစေရန် လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံရှိသူများက အသိပညာပေး သင်ကြားပေးမည်ဖြစ်သည်။

အထက်ပါသင်တန်းကို DBMS အခြေခံရှိသူများနှင့် SQL Language အခြေခံရှိသူများ တက်ရောက်နိုင်မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် Myanmar Professionals Education Centre (MPEC) အခန်း (၈၀၄/B) ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၃၀၆၆၂၇၈သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နယ်စပ်/စည်ပင်ဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော်　　ဇူလိုင်　　၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်သည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရှိ စိန်တလုံးသရက်ခြံစိုက်ခင်း၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီး ဦးသိန်းညွန့်က သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် စိန်တလုံး သရက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကံချွန်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများက သတ်မှတ်နေရာများတွင် စိန်တလုံး သရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် သရက်စိုက်ခင်းအတွင်း ဝန်ထမ်းများ စိန်တလုံး သရက်ပင်စိုက်ပျိုးနေမှု၊ စိုက်ပျိုးပြီးပျိုးပင်များကို ပေါင်းသင်၊ မြေဆွ၊ မြေဩဇာကျွေးနေမှုနှင့် ယခင်နှစ် စိုက်ပျိုးပြီးသရက်ပင်များ၏ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ ဌာနများမှ စိန်တလုံးသရက်ပင် ၇၅၀၊ အရိပ်ရလေကာပင် ၁၅၀၀ စုစုပေါင်း ၂၂၅၀ကို စိုက်ပျိုးကြသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နေပြည်တော်အတွင်း ယခင်နှစ်များက ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စိန်တလုံးသရက် ၁၁၀၀၃ပင်၊ အုန်း ၃၈၂၆ပင် အပါအဝင် နှစ်ရှည်သီးပင်၊ စားပင် ၁၅၀၆၉ပင်၊ အရိပ်ရလေကာပင် ၂၈၀၈၇ပင်နှင့် ပန်းအလှပင် ၁၆၃၃ပင်တို့ကို စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းနှင့် စဉ်ဆက်မပြတ် ဆက်လက်စိုက်ပျိုးနိုင်ရေးအတွက် ပျိုးဥယျာဉ်များတွင် နှစ်ရှည်သီးပင်၊ စားပင်များဖြစ်သော ပိန္နဲ၊ ပေါက်ပန်းဖြူ၊ မန်ကျည်း၊ ပြည်ပန်းညို၊ သရက်နှင့် အုန်းပင် စုစုပေါင်း ၄၃၆၄ပင်၊ အရိပ်ရလေကာပင်များဖြစ်သော ခရေ၊ သပြေ၊ ပန်းတမာ၊ စိန်ပန်းကြီး၊ သင်းဝင်နှင့် သစ်ဆိမ့်ပင် စုစုပေါင်း ၃၁၀၀နှင့် ပန်းအလှပင်ပေါင်း ၉၅၀၀တို့ကို ပျိုးထောင်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော်　　ဇူလိုင်　　၁၀

သာသနာရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၇နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်၍ အထိမ်းအမှတ် အုန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး သူရဦးအောင်ကိုနှင့် ညွှန်ကြားရေးမှူးချုပ်များက သတ်မှတ်နေရာများ၌ အထိမ်းအမှတ် ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် သာသနာရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ သရက်၊ မဟော်ဂနီ၊ စိန်ပန်း၊ အုန်းပင်၊ ပိန္နဲနှင့် စိန်တလုံးသရက်ပင် စုစုပေါင်း ၁၈၅၄ပင်ကို စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် အုန်းပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

မီးဘေးကာကွယ်ရေး

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဈေးမီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးမိုးဟိန်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လူငယ်အင်ဂျင်နီယာများ တွေ့ဆုံနှီးနှောပွဲသို့ မျိုးဆက်သစ် အင်ဂျင်နီယာလူငယ်များ တက်ရောက်

ရန်ကုန်　　ဇူလိုင်　　၁၀

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ မျိုးဆက်သစ်အင်ဂျင်နီယာ မောင်ကြည်မင်းသူနှင့် မယုဝေယံသိန်းတန်တို့သည် ဂျပန်ဖောင်ဒေးရှင်း၏ East Asia Future Leaders Programme အစီအစဉ်အရ ဇူလိုင် ၈ရက်မှ ၂၀ရက်အထိ ကျင်းပမည့် အရှေ့တောင်အာရှနိုင်ငံများမှ လူငယ်အင်ဂျင်နီယာများ တွေ့ဆုံနှီးနှောပွဲ Community Design Group 2010 သို့ တက်ရောက်ရန်အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဇူလိုင် ၇ ရက် ည ၇နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးစဉ်ဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး မျိုးဆက်သစ် အင်ဂျင်နီယာကော်မတီဥက္ကဋ္ဌ ဦးမြင့်ဖေ၊ ဗဟိုအလုပ်အမှုဆောင် ဦးသန်းထွန်းအောင်နှင့် မျိုးဆက်သစ်အင်ဂျင်နီယာများ၏ မိသားစုဝင်များက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဆွေ စစ်တွေမြို့ရှိ ဆိပ်ကမ်းများနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမောင်မောင်အောင်က ရခိုင်ဌာနခွဲ(စစ်တွေ)နှင့် စပ်လျဉ်းသည်များကို လည်းကောင်း၊ စစ်တွေသင်္ဘောကျင်း ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်စိုးက စစ်တွေသင်္ဘောကျင်း၏ ရေယာဉ်များ အကြီးစားနှင့် အသေးစား ကျင်းတင်ပြင်ဆင်နိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရေး၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရေး၊ ဝင်ငွေပိုမိုရရှိရေး၊ အလေအလွင့်နည်းပါးရေး၊ အသုံးစရိတ်ချွေတာရေး၊ အခြားသောဝန်ကြီးဌာန၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအချင်းချင်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရေး၊ အရည်အချင်းပြည့်ဝ၍ စည်းကမ်းရှိသည့် ဝန်ထမ်းကောင်းများ ဖြစ်စေရေး ကြိုးပမ်းလုပ်ဆောင်ကြရေး၊ ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးနှင့် ကုန်ပစ္စည်းများ အတင်အချပြုလုပ်ရာတွင် မှန်မှန်ကန်ကန်မြန်ဆန်စွာ လုပ်ကိုင်ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရခိုင်ဌာနခွဲရှိ သယ်ပို့ဌာန၊ ရေကြောင်းဌာန၊ သင်္ဘောကျင်း အင်ဂျင်နီယာဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ထို့နောက် စစ်တွေသင်္ဘောကျင်းသို့ သွားရောက်၍ ရေယာဉ်များ ကျင်းတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် စစ်တွေမြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၁)ဆိပ်ကမ်းတံတားသို့ရောက်ရှိပြီး စစ်တွေမြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက စစ်တွေဆိပ်ကမ်းတံတားနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဆိပ်ကမ်းအရာရှိ ဦးထွန်းဌေးက စစ်တွေဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်မှု၊ မင်းဂံဆိပ်တံတားရေယာဉ်ဆိုက်ကပ်မှု၊ ဝန်ထမ်းအင်အား၊ ကမ်းရိုးတန်း ပို့/သွင်းကုန် ဆောင်ရွက်မှုနှင့် ဈေးကြီးသစ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသော ဌာနအသီးသီးမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက နိုင်ငံတော်မှ အားထားရသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ဆောင်ရွက်ရေး၊ ဝင်ငွေတိုး၍ အသုံးစရိတ်များ ချွေတာရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုရှိရေးတို့ကို အသေးစိတ်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၁) ဆိပ်ခံတံတားသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ စစ်တွေသင်္ဘောကျင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်း သား၊ သမီးများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ခြောက်ဘာသာဂုဏ်ထူးရှင် မယွန်းမြတ်သာနှင့် မဆွတ်ဂျာတို့အား ရွှေတံဆိပ်ဆု၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ငါးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၇ ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦးတို့အား ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင် မဆွတ်ဂျာက ကျေးဇူးတင်စကားပြောကြားပြီး ဝန်ကြီးသည် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးအား ရွှေတံဆိပ်ဆု၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သစ်တော)

ရေကြည်မြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၁၀

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အကြိမ်(၂၀)မြောက် စုပေါင်းလှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃-စီ)ရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန် နှိုးဆော်ထားပြီး အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးစာရင်းနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်း ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်းနှင့်အတူ နီးစပ်ရာအမှုဆောင်များသို့ ပေးပို့ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမောင်မောင်အေး ဖုန်း-၅၅၉၅၃၆၊ ဦးကြည်ဆန်း ဖုန်း-၇၀၉၈၉၀၊ ဦးဌေးနိုင်ဝင်း ဖုန်း-၀၉-၈၀၂၅၈၈၈၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ ၀၉-၅၁၈၉၄၅၈ နှင့် ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း-၀၁-၇၃၀၀၂၀၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

စမတောင် ပရဟိတကျောင်းသို့ အဝတ်အထည်နှင့် ဆေးဝါးများလှူဒါန်း

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါ်စန်းစန်းဝေ၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာနှင့် အဖွဲ့ဝင်များသည် နေပြည်တော်လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာရှိ စမတောင် ပရဟိတကျောင်းသို့ ဇူလိုင် ၄ ရက်တွင်သွားရောက်၍ အဝတ်အထည်များ၊ စက်ဘီးများ၊ စာရေးကိရိယာနှင့် ဆေးဝါးများကိုလှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန်များက ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာကျန်းမာရေးဟောပြောပြီး ကျန်းမာရေးဗဟုသုတဆိုင်ရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေပဒေသာပင်လှူဒါန်း

ကွယ်လွန်သူ ဗိုလ်မှူးဘသန်း (၁၅)နှစ်မြောက်နှင့် သား- ဦးအုန်းသန်း (၁)နှစ်ပြည့် အားရည်စူး၍ (၂၈)လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နေ ဇနီး ဒေါ်ခင်ခင်နှင့် သားသမီးများက ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံယူစဉ်။

(သံဃာ့ဆေးရုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၇-၂၀၁၀ (တနင်္ဂနွေနေ့)
[၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလကွယ်၊ (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၇။ အကပြိုင်ပွဲ
၈း၁၀ ၈။ "အားကိုးအားထား"
၈း၃၀ ၉။ "မြန်မာပြည်တစ်လွှား လမ်းတံတားများ"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၂၄)**
၁၂း၃၀ ၅။ Golf Magazine(TV)
၁၂း၄၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ပြောင်နောင်နောင်ဗေပေ့ဂျီ" (လွင်မိုး၊ခိုင်သင်းကြည်) (ဒါရိုက်တာ-မောင်သီ)**
၂း၃၅ ၇။ တေးဂီတအစီအစဉ်
၂း၄၅ ၈။ International News
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၂၅ ၄။ တေးဂီတအစီအစဉ်
၄း၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၁၀ ၈။ ကမ္ဘာ့ဖလားပုံရိပ်များ
၅း၂၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ကာတွန်းအစီအစဉ် "Bug's Adventure" (အပိုင်း-၁၉)
၆း၄၀ ၁၃။ တစ်မျက်နှာတစ်ကွက်စာ "သူရဲကောင်းတို့နှလုံးအိမ်ဝယ်" (ဇာတ်သိမ်းပိုင်း) (ခင်မို့မို့အေး၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ သူရလင်း၊ ရန်နိုင်၊ ချစ်စု၊ ရတနာကျော်ဦး၊ ခင်မိမိကို) [ဒါရိုက်တာ-မေတင်(MMG]
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတာခွင့်လွှတ်ပါ" (အပိုင်း-၂၀)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မနေ့က သည်နေ့နဲ့ မနက်ဖြန် (အယ်လ်ဆိုင်းဇီ၊ တေးရေး-ဒီနေ့ပုဏ္ဏက)
၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၄၁)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး"(အပိုင်း-၂)**
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်
၂၂။ Football Planet (2010 ကမ္ဘာ့ဖလား ဘောလုံးပွဲကြိုသုံးသပ်ချက်)

၁၂-၇-၂၀၁၀(တနင်္လာနေ့)

နံနက်ပိုင်း

၁း၀၀ ၂၃။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (နယ်သာလန်အသင်းနှင့် စပိန်အသင်း)**
၂၄။ အစီအစဉ်ပြီး၏။

အိန္ဒိယနှင့် ကုန်သွယ်မှု ဒေါ်လာဘီလီယံ ၃၀ အီရန်မျှော်မှန်း

တီဟီရန် ဇူလိုင် ၁၀

အီရန်နှင့် အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှု၏ တန်ဖိုးသည် လာမည့် ငါးနှစ်တာကာလကျော်တွင် အမေရိကန်ဒေါ်လာဘီလီယံ ၃၀ထိ ရောက်ရှိနိုင်ကြောင်း အီရန်ဘဏ္ဍာရေးဝန်ကြီးက သောကြာနေ့တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ တွင် ကြာသပတေးနေ့၌ စတင်ကျင်းပသော အိန္ဒိယ-အီရန် ပူးတွဲကော်မရှင်၏ နှစ်ရက်ကြာ အစည်းအဝေးတွင် အီရန်ဝန်ကြီးက ယင်းကဲ့သို့ မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် လွန်ခဲ့သည့်သုံးနှစ်က ဒေါ်လာ ၉ ဒသမ ၃ ဘီလီယံရှိရာမှ ၁၅ ဘီလီယံသို့ တိုးလာသည်ဟု ဆိုသည်။

သောကြာနေ့ အစည်းအဝေးပြီးဆုံးသည့်နောက်တွင် အိန္ဒိယနှင့် အီရန်တို့သည် နယ်ပယ်အသီးသီး၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုကြမည်ဟုမျှော်လင့်ရသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့၌ ဇူလိုင် ၁၀ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုတစ်ရပ်ကို တွေ့ရစဉ်။

(ယင်းဗုံးပေါက်ကွဲမှုကြောင့် လူတစ်ဦး သေဆုံးခဲ့ရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၊ ပါကစ္စတန်နှင့် အာဖဂန် စစ်သွေးကြွများ ဆိုမာလီသို့ ရောက်ရှိနေပြီဟုဆို

နိုင်ရိုဘီ (ကင်ညာ) ဇူလိုင် ၁၀

အီရတ်၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့မှ သောင်းကျန်းသူများသည် တည်ငြိမ်မှု မရှိသော ဆိုမာလီနိုင်ငံသို့ ပြောင်းရွှေ့အခြေချလျက်ရှိရာ စစ်သွေးကြွများ များပြားလာသည့်အတွက် နိုင်ငံတကာက စိုးရိမ်ပူပန်လျက်ရှိကြောင်း ကင်ညာနိုင်ငံခြားရေးဝန်ကြီးက ကြာသပတေးနေ့တွင် ပြောသည်။

ကင်ညာနိုင်ငံ၏မြောက်ဘက် အိမ်နီးချင်းနိုင်ငံ ဆိုမာလီတွင် နိုင်ငံကို နိုင်နင်းစွာအုပ်ချုပ်နိုင်သည့် အစိုးရအဖွဲ့မရှိသဖြင့် စစ်သွေးကြွများအတွက် အန္တရာယ်ကင်းသော ခိုလှုံရာဖြစ်လာခြင်းကြောင့် ယင်းနိုင်ငံ၏ အခြေအနေသည် ကြောက်မက်ဖွယ်ကောင်းလာကြောင်း ကင်ညာနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ဆိုမာလီတွင် အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံသားများ အများအပြားရောက်ရှိနေကြောင်း ထောက်လှမ်းရေး အစီရင်ခံစာများတွင် တင်ပြထားသည်ဟု ၎င်းက အေပီသတင်းဌာနသို့ ပြောကြားသည်။

စစ်သွေးကြွဦးရေကို အတိအကျဖော်ပြနိုင်ခြင်းမရှိသော်လည်း ကင်ညာနိုင်ငံနှင့် နိုင်ငံတကာအတွက် စိုးရိမ်ပူပန်ရဖွယ် အရေအတွက်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကင်ညာနိုင်ငံခြားရေးဝန်ကြီးက ဆိုသည်။

အဆိုပါ အကြောင်းအရာနှင့် ပတ်သက်၍ ဆိုမာလီအစိုးရက ၎င်းတို့၏ သဘောထားအမြင်ကို ချက်ချင်း ထုတ်ပြန်ပြောဆိုခြင်းမရှိသေးပေ။

အမ်အင်အေ၊ရိုက်တာ။

ပြင်သစ်နှင့် ခရိုအေးရှားတို့ ပူးပေါင်းဆောင်ရွက်မှု သဘောတူလက်မှတ်ရေးထိုး

ဘဲလ်ဂရိတ် ဇူလိုင် ၁၀

ခရိုအေးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံနှင့် နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ခရိုအေးရှားသတင်းဌာနအိုင်နာက သောကြာနေ့တွင် ဖော်ပြသည်။

လက်မှတ်ရေးထိုး

သောကြာနေ့က ခရိုအေးရှားနိုင်ငံဝန်ကြီးချုပ် ဂျာဝရမ်ခါကိုဆာနှင့် ပြင်သစ်ဝန်ကြီးချုပ် ဖရန်ကွစ်ဖီလွန်တို့သည် ခရိုအေးရှားနိုင်ငံ ဇာဂရက်ဗ်မြို့၌ ယင်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုလိုက်ခြင်း ဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ခရိုအေးရှားနိုင်ငံ၌ ပြင်သစ်ဘာသာစကားသင်ကြားပို့ချမှု တိုးချဲ့နိုင်မည့် အလားအလာကောင်းများ ခရိုအေးရှားကျောင်းသားများ ပြင်သစ်စာပေသင်ယူလေ့လာနိုင်မှု အခွင့်အလမ်းကောင်းများ ဖော်ထုတ်ပေးရန် နှစ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

မိတ်ဖက်စာချုပ်

ခရိုအေးရှားနိုင်ငံသည် ပြင်သစ်နိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်စာချုပ်ကို ချုပ်ဆိုခဲ့သော်လည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ မဟုတ်ပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်တွင် အသေခံပုံးခွဲ၍ ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ပိုင်း အီရတ်ကြည်းတပ်၏ စစ်ဆေးရေးစခန်းတစ်ခုကို သောကြာနေ့ နံနက်ပိုင်းတွင် အသေခံဗုံးခွဲသမားတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တင်ထားသော ကားတစ်စီးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ခြောက်ဦးသေဆုံး၍ ၂၀ ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် အီရတ်တပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားသုံးဦး သေဆုံးကြောင်း၊ လူ ၂၀ ဒဏ်ရာရရှိကြောင်း၊ ၎င်းတို့ကို ဘဂ္ဂဒက် ယာမောက်ဆေးရုံသို့တင်ပို့၍ ဆေးကုသမှုပေးကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံဝန်ထမ်းများက ပြောကြားသည်။

ရှီးယိုက်ဘုရားဖူး ထောင်ပေါင်းများစွာကို ပစ်မှတ်ထား၍ လမ်းဘေးဗုံးထောင်တိုက်ခိုက်ခြင်း၊ အသေခံဗုံးခွဲ တိုက်ခိုက်ခြင်းများကြောင့် လူပေါင်း ၇၀ နီးပါး သေဆုံးပြီးနောက် ယခုတိုက်ခိုက်မှု ပေါ်ပေါက်လာခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မက္ကဆီကို ပင်လယ်ကွေ့ရှိ ရေနံပြင်နှင့် သဘာဝသားရိုင်းတိရစ္ဆာန်များကို လေ့လာစူးစမ်းမည့် အမေရိကန်ရေတပ်၏ ကြိုးဆိုင်းလေသဘောၤကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗြိတိသျှတို့ကို ဆန့်ကျင်ခဲ့သည့် အဘိုးရီးဂျင်းစစ်သည်တော်၏ ရုပ်ကြွင်း နှစ်ပေါင်း ၁၇၀ကြာပြီးနောက် အခမ်းအနားဖြင့် မြေမြှုပ်သင်္ဂြိုဟ်

ဆစ်ဒနီ ဇူလိုင် ၁၀

ဩစတြေးလျတိုက်သို့ ဝင်ရောက်အခြေချနေထိုင်ကြသော ဗြိတိသျှတို့ကို ခုခံတိုက်ခိုက်ခဲ့သည့် နာမည်ကျော် အဘိုးရီးဂျင်းစစ်သည်တော်၏ရုပ်ကြွင်းကို နှစ်ပေါင်း ၁၇၀ ကြာပြီးနောက် အစဉ်အလာအခမ်းအနားဖြင့် မြေမြှုပ်သင်္ဂြိုဟ်နိုင်ခဲ့ကြောင်း စနေနေ့သတင်းများတွင် ဖော်ပြသည်။

ဩစတြေးလျအနောက်ပိုင်းမှ ယန်ဂန်ဟုအမည်ရှိသည် အဘိုးရီးဂျင်းစစ်သည်တော်၏ ဦးခေါင်းခွံကို ဗြိတိန်နိုင်ငံ၌ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ယင်းကဲ့သို့ သင်္ဂြိုဟ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှအခြေစိုက်နေထိုင်သူများက ယန်ဂန်ကိုအသေဖမ်းဆီးနိုင်ပါက ပေါင်ငွေ ၃၀ ဆုချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ၁၈၃၃ ခုနှစ်တွင် ၎င်းကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်။

ယန်ဂန်သေဆုံးပြီး နှစ် ၁၇၀အကြာတွင် ဩစတြေးလျနိုင်ငံ ပါ့သ်မြို့ပြင်၌ ၎င်းအားဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်ပန်းခြံတစ်ခုကို တည်ဆောက်ခဲ့သည်။

အင်တာနက်။

အစ္စရေး၏ ထောက်လှမ်းရေးဓာတ်ပုံများ ဟစ်ဇ်ဘိုလာ၏ ခြိမ်းခြောက်မှုကိုဖော်ပြ

ဂျေရုဆလင် ဇူလိုင် ၁၀

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏ လက်နက်များထားရှိသည်ဟု ယူဆရသောနေရာများကို ထောက်လှမ်းရိုက်ကူးထားသော လေကြောင်းဓာတ်ပုံများသည် ယင်းအဖွဲ့၏ ခြိမ်းခြောက်မှုအန္တရာယ်ကို ဖော်ပြနေကြောင်း အစ္စရေးစစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

သို့ရာတွင် အစ္စရေးအနေဖြင့် ဟစ်ဇ်ဘိုလာအဖွဲ့ကို စစ်ရေးအရ လက်ဦးမှုရယူတိုက်ခိုက်မည်မဟုတ်ကြောင်း အစ္စရေးတာဝန်ရှိသူများကဆိုသည်။ ဟစ်ဇ်ဘိုလာအဖွဲ့၏သရုပ်မှန်ကို ကမ္ဘာကသိစေရန် အစ္စရေးနိုင်ငံက လုပ်ဆောင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့သည် ၂၀၀၆ခုနှစ်က တစ်လကြာ စစ်ပွဲဖြစ်ပွားခဲ့ပြီး လက်ဘနွန်နိုင်ငံအတွင်း၌ လူ ၁၂၀၀ သေဆုံး၍ အစ္စရေးနိုင်ငံအတွင်း၌ ၁၅၉ဦး သေဆုံးခဲ့ရသည်။

အင်တာနက်။

မက္ကဆီကိုတွင် လေယာဉ်ပျက်ကျ မီးလောင် ပြည်နယ်ဝန်ကြီးအပါအဝင် ရှစ်ဦးသေဆုံး

မက္ကဆီကိုစီးတီး ဇူလိုင် ၁၀

မက္ကဆီကိုနိုင်ငံ မြောက်ပိုင်းတွင် သောကြာနေ့က လေယာဉ်တစ်စင်းပျက်ကျမီးလောင်ရာ ပြည်နယ်ဝန်ကြီး တစ်ဦး၊ မြို့တော်ဝန်နှင့် အခြားခြောက်ဦးတို့ သေဆုံးကြောင်း အစိုးရသတင်းရပ်ကွက်က ပြောကြားသည်။

အထက်ပါတာဝန်ရှိ ပုဂ္ဂိုလ်များသည် အဲလက်စ်မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့ရသော အပျက်အစီးများ ဖြစ်ပေါ်မှုကို ကြည့်ရှုရန် မက္ကဆီကိုမြောက်ပိုင်း နျူဗိုလီယွန်ပြည်နယ်သို့သွားကြစဉ် လေယာဉ်ပျက်ကျခြင်းဖြစ်သည်။

မက္ကဆီကိုအစိုးရ၏ နိုတီမက်စ်သတင်းဌာနက အဆိုပါအင်ဂျင်နှစ်လုံးတပ် လေယာဉ်သည် အက်စ်ကွန်ဒီဒိုမြစ်ပေါ်မှ ဖြတ်သန်းနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ ပါ့သ်မြို့၌ တည်ဆောက်ထားသည့် ၁၉ရာစုခေတ် အဘိုးရီးဂျင်းစစ်သည်တော် ယန်ဂန်၏ အထိမ်းအမှတ် ကြေးရုပ်တုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပိုင်းဒရပ်နီဂရာမှ ထွက်ခွာလာသော လေယာဉ်သည် ဖရာဂွါဆည်အတွင်းသို့ ပျက်ကျခဲ့သည်ဟု ယင်းသတင်းစာက ဆက်လက်ဖော်ပြသည်။

လေယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို မက်ဆီကန်အာဏာပိုင်များက စတင်စုံစမ်းလျက်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်တွင် တာလီဘန်တပ်မှူးတစ်ဦးကို ဖမ်းမိ

ကဘူး ဇူလိုင် ၁၀

ပါကစ္စတန်စစ်သွေးကြွများ နယ်စပ်ဖြတ်ကျော်၍ အာဖဂန်နစ္စတန်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ရန် ဦးဆောင်စီစဉ်သူ တာလီဘန်တပ်မှူးတစ်ဦးကို ဖမ်းဆီးရမိကြောင်း နိုင်ငံတကာတပ်ဖွဲ့က သောကြာနေ့တွင် ကြေညာသည်။

နိုင်ငံတကာနှင့် အာဖဂန်ပူးပေါင်းတပ်ဖွဲ့သည် နန်ဂါဟာပြည်နယ်အရှေ့ပိုင်း၌ ယင်းတာလီဘန် အကြီးအကဲကို အင်္ဂါနေ့တွင် ဖမ်းမိခဲ့သည်ဟု မြောက်အတ္တလန်တိတ် စာချုပ်အဖွဲ့(နေတိုး)က ပြောကြားသည်။

သောကြာနေ့က ထုတ်ပြန်သော ကြေညာချက်တွင် ၎င်းသည် အကြမ်းဖက်တိုက်ခိုက်မှုများ ကျူးလွန်ကြောင်း စွပ်စွဲခံရသော လက်ချ်ခါအီးတိုင်ဘာ ပြည်သူ့စစ်အဖွဲ့ကို အကူအညီပေးခဲ့သည်ဟု ဖော်ပြထားသည်။ ထောက်လှမ်းရေးကိစ္စရပ်များကို အကြောင်းပြု၍ ၎င်း၏ အမည်နာမကိုမူ ထုတ်ဖော်ပြောဆိုခြင်း မပြုပေ။

ဧပြီလမှစ၍ နေတိုးတပ်ဖွဲ့သည် တာလီဘန် ထိပ်တန်းခေါင်းဆောင် ၁၀၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့သည်။ သို့သော် သောင်းကျန်းသူတို့၏ တိုက်ခိုက်မှုမှာ လျော့ပါးသွားခြင်း မရှိဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း (မြောင်းတကာ)၌ ကျင်းပသော စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားရာတွင် စက်ရုံ၏ စက်တပ်ဆင်မှု အပိုင်းများကို အပြီးသတ်တပ်ဆင်ဆောင်ရွက်နေသည့် ကာလဖြစ်သဖြင့် တာဝန်ရှိသူအားလုံးက အားထုတ်ကြိုးပမ်းရမည်ဖြစ်သကဲ့သို့ ပညာရှင်အဖွဲ့များအနေဖြင့်လည်း Ammonia နှင့် Urea ထွက်ရှိရေးအတွက် Technical Process များကို မှန်မှန်ကန်ကန် ကြပ်မတ်ဆောင်ရွက်သွားရန်၊ စီမံကိန်းသတ်မှတ်ကာလအတိုင်း လုပ်ငန်းများ အောင်မြင်စွာဖြင့် ဓာတ်မြေဩဇာထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး ရှေ့ဆောင်ရွက်ရမည့်အစီအစဉ်များကို အသေးစိတ်ချမှတ်ပေးသည်။

ထို့နောက် စက်ရုံတည်ဆောက်ရေးနှင့် စက်တပ်ဆင်ရေး တာဝန်ခံကုမ္ပဏီများ ဖြစ်ကြသော Asia World၊ HQCEC နှင့် CHINA II ကုမ္ပဏီများမှ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေမှုခြေအနေများကို ရှင်းလင်းတင်ပြကြရာ စီမံကိန်းဒါရိုက်တာနှင့် မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်တင်ပြကြသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်းအတွင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ပြည်ပပညာရှင်များအား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အမှတ်(၄) ဓာတ်မြေဩဇာ စက်ရုံတည်ဆောက်ရေး စီမံကိန်းဝင်း အတွင်း တပ်ဆင်ပြီးစီးသွားသော Water Unit Plant၊ Prilling Tower၊ Sub- station များ၊ Ammonia Plant၊ Urea Plant၊ Ammonia Ball Tank၊ Nitrogen Plant Control Room များနှင့် ဓာတ်မြေဩဇာထုတ်လုပ်နိုင်ရန်အတွက် Pre Commissioning၊ Commissioning စမ်းသပ်လည်ပတ်ရေး ကြိုတင်ပြင်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ) ရှိ Reactor များတွင် ထည့်သွင်းမည့် Catalyst နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၆)ရပ်ကွက် မိုးမခလမ်းနေ တက္ကသိုလ်စိန်တင်-ဒေါ်တင်စိန်(စိမ့်ပညာရေး)တို့၏ (၄၅)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဆောက်လုပ်လျက်ရှိသော ဘိုးဘွားသောက်သုံးရေလှောင်ကန်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မုဒုံမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၀

မုဒုံမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပမည့် (၁၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မြစပယ်လမ်း ပါရမီ-ရေကူးရှိ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စုပေါင်းလှူဒါန်းပွဲနှင့် စွယ်တော်မြတ်စေတီ(ရန်ကုန်) ပရိဝုဏ်၌ တည်ဆောက်လျက်ရှိသော မုဒုံမြို့နယ်အသင်း (ရန်ကုန်) ဓမ္မာရုံတို့အတွက် အလှူငွေနှင့် ပစ္စည်းများကို ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဖုန်း-၅၈၅၃၀၂၊ ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ ဦးငွေစိုး ဖုန်း-၅၆၉၃၁၃၊ ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄၊ ဦးအောင်ကြည် ဖုန်း-၅၉၁၁၆၁၊ ဦးစိုးတင် ဖုန်း-၅၃၈၇၂၁၊ ဦးစောလွင် ဖုန်း-၂၁၅၆၁၆၊ မုဒုံမြို့ရှိ ဒေါက်တာမြင့်ဦး ဖုန်း-၀၅၇-၇၀၀၆၁နှင့် ဒေါက်တာသန်းဝင်း ဖုန်း-၀၅၇-၇၀၁၇၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလှူရှင်များ၊ မုဒုံမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ပုဏ္ဏားကျွန်းမြို့နယ်(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၀

ပုဏ္ဏားကျွန်းမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲနှင့် ဒသမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စတုဘုမ္မိကကျောင်းတိုက် ဦးဘကျော်လမ်း တာမွေလေးရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများနှင့် အသက်(၇၅)နှစ်အထက် အသင်းဝင်မိသားစုများ၏ စာရင်းများကို ဦးသင်းကြန်အောင် ဖုန်း-၅၇၈၆၈၈၊ ဦးဦးသိန်းမောင် ဖုန်း-၆၆၂၈၂၄၊ ဦးရန်အောင် ဖုန်း-၀၉-၈၆၂၆၂၇၅၊ ဦးခင်မောင်ရွှေ ဖုန်း-၀၉-၅၁၇၃၄၄၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ညောင်ဦးအထက အာစရိယပူဇော်ပွဲကျင်းပရေး စည်းဝေး

ရန်ကုန် ဇူလိုင် ၁၀

မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၄၆ ခုနှစ်မှ ယနေ့တိုင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့်ပြီး အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား နှစ်စဉ် အာစရိယပူဇော်ပွဲကျင်းပရေး အစည်းအဝေးကို ဇူလိုင် ၄ ရက်က အဆိုပါကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တက်ရောက်လာသူများက ဥက္ကဋ္ဌ ဦးတင်မောင်လင်း၊ အတွင်းရေးမှူး ဦးအောင်ဇော်မိုး ပါဝင်သော အမှုဆောင်ကော်မတီ ၂၇ ဦးကို အများသဘောတူဖွဲ့စည်းကြပြီး အစည်းအဝေးတက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများက ပထမအကြိမ် စုပေါင်းမတည်လှူဒါန်းသည့် အလှူငွေကျပ် ၂၅ သိန်းကို ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ဦးအောင်မျိုးခိုင်က ဥက္ကဋ္ဌ ဦးတင်မောင်လင်းထံ ပေးအပ်သည်။ **(ဝဲပုံ)**

ညောင်ဦးအထက အာစရိယပူဇော်ပွဲကို ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၉၀ အတွက် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးတင်မောင်လင်း ဖုန်း-၀၉-၂၀၄၂၂၆၀ နှင့် အတွင်းရေးမှူး ဦးအောင်ဇော်မိုး ဖုန်း-၀၉-၅၀၀၅၆၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၆၁)

ဥတုရာသီ တောကိုမှီ၏

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး

- ကျောင်းနှင့်ဝန်းကျင် စိမ်းစိုလွင်
  သာယာလှစေချင်၊
  အရိပ်ရပင် သစ်ပင်များ
  စိုက်ပျိုးကြစို့လား။
- ကျောင်းနှင့်ဝန်းကျင် စိမ်းစိုလွင်
  သာယာလှစေချင်၊
  ရောင်သွေးစုံလင် ပန်းပင်များ
  စိုက်ပျိုးကြစို့လား။
- ကျောင်းနှင့်ဝန်းကျင် စိမ်းစိုလွင်
  သာယာလှစေချင်၊
  သီးနှံစုံလင် စားပင်များ
  စိုက်ပျိုးကြစို့လား။
- စိုက်ပျိုးပြီးသား အပင်တွေ
  ကြီးထွားရှင်သန်စေ၊
  မြေဆီကိုကျွေး ရေလောင်းပေး
  ပေါင်းမြက် ရှင်းတယ်လေ။
- ကျောင်းနှင့်ဝန်းကျင် သင်းပျံ့မွှေး
  စိမ်းလန်းစိုပြည်ရေး
  စုပေါင်းဆောင်ရွက်ပေး။ ။

ရေနံ့သာမောင်ကျော်ညွန့်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ပါရမီ"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ)
၆း၅၀ အဓိဋ္ဌာန်ပြည့်မြောက်. . . အလိုတော်ပေါက်
၇း၀၀ MRTV-4 သတင်း
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Introduction of Double Strength ENTACYD PLUS ဆေးမိတ်ဆက်ပွဲနှင့် မိုးရာသီမိတ်ဆုံညစာစားပွဲ)
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၃)**
၈း၃၀ နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၈း၄၀ Activities In The City (ငါ့ မင်းကို. . .)ရုပ်ရှင်ဇာတ်ကားကြီးကန်တော့ပွဲ အခမ်းအနား
၈း၅၅ ကျန်းမာရေးဆွေးနွေးဟောပြောပွဲ အသည်းအစားထိုးကုသခြင်းနှင့် Cyberknife
၉း၁၅ စိန်ပွင့်လေးများနှင့်ထပ်တူ
၉း၂၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)၊ ခင်မောင်ညို(ဘောဂဗေဒ)]
၁၀း၂၅ တစ်သက်စာ [ထွန်းထွန်း (Examplez)၊ သဇင်] (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၀း၅၅ ဈေးဝယ်လမ်းညွှန် (119 Fashion Complex)
၁၁း၂၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (တေးသံရှင် တင်ဦးလေး)
၁၁း၅၀ အရည်အသွေးတို့၏အစပထမ
၁၂း၀၀ အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၁၂း၁၅ ဗီဒီယိုပြခန်း
၁၂း၃၅ နိဗ္ဗာန်သို့ရည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၁း၀၀ "ပါရမီ"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ စကားနပန်း Selection (အပိုင်း-၂)
၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၃)**
၄း၀၅ စိန်ပွင့်လေးများနှင့်ထပ်တူ
၄း၂၅ ကျန်းမာရေးဆွေးနွေးဟောပြောပွဲ အသည်းအစားထိုးကုသခြင်းနှင့် Cyberknife
၄း၄၅ Activities In The City (ငါ့ မင်းကို. . .)ရုပ်ရှင်ဇာတ်ကားကြီးကန်တော့ပွဲ အခမ်းအနား
၅း၀၅ ဖန်ခါးမြေမှ ရတနာ
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဇစ်တာခင်ညို)
၆း၄၀ မြို့ပြနှင့်ဘောလုံးယဉ်ကျေးမှု
၇း၂၀ FMF Selection
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း Selection (အပိုင်း-၂)
၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၃)**
၁၀း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (တေးသံရှင် တင်ဦးလေး)
၁၀း၂၀ Sports World (Sunday Special)
၁၀း၄၅ ဈေးဝယ်လမ်းညွှန် (119 Fashion Complex)
၁၁း၁၀ တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ
၁၁း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Introduction of Double Strength ENTACYD PLUS ဆေးမိတ်ဆက်ပွဲနှင့် မိုးရာသီမိတ်ဆုံညစာစားပွဲ)
၁၁း၅၀ ဗီဒီယိုပြခန်း
၁၂း၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဇစ်တာခင်ညို)
၁၂း၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ်များကဏ္ဍ

ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁၄ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၃ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေ၏ အခန်း(၂) ပုဒ်မ(၃)တွင် ကလေးသူငယ်ဥပဒေ၏ရည်ရွယ်ချက်ကို ပြဋ္ဌာန်းထားရှိပါသည်။ ယင်းရည်ရွယ်ချက်များအနက် ပုဒ်မ၃၏ အပိုဒ်ခွဲ (က) (ခ) (ဂ) တို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) ကလေးသူငယ်၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်။

(ဂ) ကလေးသူငယ်များသည် ယင်းတို့၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်။

ကလေးသူငယ်များ၏ အကျိုးစီးပွားဆိုင်ရာနှင့် အကျင့်စာရိတ္တပိုင်းဆိုင်ရာကို ယင်းဥပဒေပုဒ်မ ၃၏ အပိုဒ်ခွဲ(ဃ) (င) (စ) တို့တွင် ပြဋ္ဌာန်းထားရှိသည်။

ကလေးသူငယ်ဆိုသည်မှာ အသက်(၁၆)နှစ် မပြည့်သေးသူဖြစ်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၅/၀၅)၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ အခန်း(၁) ပုဒ်မ ၃ (ည)တွင် ပြဋ္ဌာန်းထားရှိပြီး ယင်းဥပဒေပုဒ်မ ၃ (ဋ)တွင် အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ်မပြည့်သေးသူကို လူငယ်အဖြစ် သတ်မှတ်ထားရှိပါသည်။ ၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေပုဒ်မ ၂(က) (ခ)တွင်လည်း ကလေးသူငယ်နှင့် လူငယ်ဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အထက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည်။

ထို့ကြောင့် ကလေးသူငယ်ဆိုရာ၌ အသက်(၁၆)နှစ်မပြည့်သေးသူ၊ လူငယ်ဆိုရာ၌ အသက်(၁၆)နှစ်ပြည့်ပြီး အသက်(၁၈)နှစ် မပြည့်သေးသော လူသားတိုင်းကို ဆိုလိုပါသည်။ ကျား၊ မ ခွဲခြားထားခြင်းမရှိပါ။ ထို့ကြောင့် ကလေးသူငယ်ဆိုရာတွင် လည်းကောင်း၊ လူငယ်ဆိုရာတွင် လည်းကောင်း ယောကျ်ားကလေးနှင့် မိန်းကလေးနှစ်ဦးစလုံး ပါဝင်ပါသည်။

ယနေ့ နေရာဒေသအနှံ့တွင် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်ကလေးများ၏ ဝန်ဆောင်မှုလုပ်ငန်းများက ရှေ့တန်းမှ နေရာယူထားသည်ကို တွေ့ရှိနိုင်ပေသည်။ ကလေးသူငယ်များ၊ လူငယ်များ၏ ဝန်ဆောင်မှုသည် စားသောက်ဆိုင်များ၊ ဘီယာစတေရှင်များ၊ အဖျော်ယမကာဆိုင်များ၊ စင်တင်တေးဂီတလုပ်ငန်း၊ ကာရာအိုကေလုပ်ငန်းများတွင် မရှိမဖြစ်။ မည်သည့် အကြောင်းကြောင့် ဖော်ပြပါစီးပွားရေးလုပ်ငန်းများ၌ ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်များ၏လုပ်အား တစ်နည်းဆိုသော် ဝန်ဆောင်မှုသည် ရှေ့ဆုံးမှနေရာယူလာရပါသနည်း။

ဦးချမ်းမြနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၆၅ခုနှစ်၊ အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့ (၁၉၆၅ခုနှစ် ရာဇဝတ်အယူခံမှုအမှတ်-၅၀)၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ (၄၅-၄၇)တွင် အောက်ပါအတိုင်း သတိပေးထားရှိသည်-

‘ပြည်ထောင်စုသားအပေါင်းသည် လူမှုဒုက္ခအပေါင်းမှ လွတ်မြောက်ကြလျက် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြမည့် သာယာဝပြောသော လောကသစ်ကြီးကို အဘက်ဘက်မှ ထူထောင်တည်ဆောက်လျက်ရှိကြရာ ကလေးများ၏ ဘဝလုံခြုံမှုသည်လည်း ထိုသာယာဝပြောသော ဘဝသစ်၏ အရေးကြီးသောလက္ခဏာတစ်ရပ်ဖြစ်သည်ကို မပြတ်သတိပြုရမည်’ ဟူ၍ လမ်းညွှန်ထားရှိပါသည်။

နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ခုနှစ် စက်တင်ဘာလ ၁၃ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ် ၅/၂၀၀၅ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ယင်း ဥပဒေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြဋ္ဌာန်းဥပဒေ Statute Law ဖြစ်၍ အခြားဥပဒေများအပေါ် လွှမ်းမိုးပါသည်။ထို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေ (ယခင်ရာဇသတ်ကြီး)အပေါ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေက လွှမ်းမိုးပါသည်။ ရာဇသတ်ကြီး(ပြစ်မှု)အရ အရေးယူရမည့်ပြစ်မှု ဖြစ်စေကာမူ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအတွင်း သက်ရောက်သော မှုခင်းကိစ္စရပ်များကို ပြစ်မှုဆိုင်ရာဥပဒေအရ စီရင်ပိုင်ခွင့်ရှိမည်မဟုတ်ပါ။ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ (၂)ပါ ပြဋ္ဌာန်းချက်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရသာ စီရင်ပိုင်ခွင့်ရှိစေရမည် ဖြစ်ပါသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်ကို ယင်းဥပဒေ ပုဒ်မ ၄တွင် အပိုဒ်(က)မှ (ဃ)အထိ ပြဋ္ဌာန်းထားရှိသည့်အနက် အပိုဒ်(က)နှင့် (ခ)မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာလူမျိုးတို့၏ တန်ဖိုးထား စောင့်ရှောက်အပ်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိခိုက်ပျက်ပြားစေသည့် လူကုန်ကူးမှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးကာကွယ်နှိမ်နင်းရန်။

(ခ) လူကုန်ကူးမှုများကို တားဆီးကာကွယ်ရာတွင် အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူငယ်များအတွက် အလေးဂရုပြု၍ ကာကွယ်စောင့်ရှောက်ရန်တို့ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲအမှူးပြုသော နိုင်ငံတော်အစိုးရသည် လူကုန်ကူးမှုကို တိုက်ဖျက်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ရည်ရွယ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းထားခြင်း ဖြစ်သဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သူများအနေဖြင့် ယင်းဥပဒေပြဋ္ဌာန်းထားရှိသည့် ရည်ရွယ်ချက်ကို မျက်ခြည်မပြတ်သင့်ပေ။

ဖော်ပြခဲ့သည့် ဥပဒေပြဋ္ဌာန်းချက်နှင့် နိုင်ငံတော်အစိုးရ၏မူဝါဒများကို နှလုံးသွင်းကာ ယနေ့ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်များ၏ ဝန်ဆောင်မှုလုပ်ငန်းများကို တစေ့တစောင်း သုံးသပ်ကြည့်ရှုရမည် ဖြစ်ပါသည်။

စားသောက်ဆိုင်များ၊ အဖျော်ယမကာနှင့် စင်တင်တေးဂီတ၊ ကာရာအိုကေ သီဆိုဖြေဖျော်ရာ၊ မှောင်တစ်ချက်၊ လင်းတစ်ချက်ဖြင့် တမင်ဖန်တီးထားသော ဇာတ်ခုံတွင် ဒူးဖော်ပေါင်ဖော်ဝတ်ဆင်၍ အမျိုးသမီးငယ်ကလေးများက ဟန်ပန်အမူအရာအမျိုးမျိုးဖြင့် ဖျော်ဖြေသည့်လုပ်ငန်းဖြင့် ဝန်ဆောင်မှုပေးနေကြသည်။ အသုံးတော်ခံနေကြသည်။ ဖျော်ဖြေနေကြသည်။ သီချင်းတစ်ပုဒ်ပြီးလျှင် ပန်းကုံးစွပ်ကြသည်။ ပန်းကုံးက ရိုးရိုးမဟုတ် ငွေကြေးတန်ဖိုးပါသည်။ ထိုပန်းကုံးတွင် ကာယကံရှင်သီချင်းဆိုသူနှင့် ပိုင်ရှင်တို့က သဘောတူ သတ်မှတ်ချက်အပေါ် အချိုးကျခွဲဝေယူကြသည်။ ထိုထက်ပို၍ သဘောတူညီချက်များလည်း ရှိကောင်း ရှိကြပေလိမ့်မည်။ အသံနှင့်ကိုယ်အမူအရာကို မပေါ့တပေါ် ဝတ်စားဆင်ယင်မှုတို့ဖြင့် အရင်းအနှီးပြုလုပ်ဖျော်ဖြေရာမှ ကိုယ်ခန္ဓာကို အရင်းအနှီးပြုလုပ်၍ စီးပွားရှာကြသူများလည်း ရှိကောင်းရှိလာနိုင်ပေသည်။

အချို့စီးပွားရေးလုပ်ငန်းရှင်များက ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်များအပေါ် ကြွေးမြီတင်ရှိထားကြသည်။ ကလေးသူငယ်များက လက်ဗွေနှိပ် လက်မှတ်ထိုးပေးထားသော စာရွက်စာတမ်းများ၊ စာအုပ်များဟု အဆိုပြုကာ ကလေးသူငယ်များအပေါ် ကြွေးမြီတင်ရှိထားကြောင်း အထောက်အထားများ ပြုလုပ်ထားကြပြီး ၎င်းတို့သည် ကလေးသူငယ်များ၏ မြီရှင်ဖြစ်ကြောင်း၊ ကလေးသူငယ်များကို ကြိုတင်လစာငွေပေးပြီး စရိတ်ငြိမ်း ခိုင်းစေသူအလုပ်ရှင်ဖြစ်ကြောင်း၊ အချို့ကလေးသူငယ်ကို စီးပွားရေးလုပ်ငန်းရှင်ထံလာအပ်သဖြင့် ကလေးအတွက် ကြိုတင်လစာများပင် လာရောက်အပ်နှံသူအား ထုတ်ပေးခဲ့ကြသည်ကို တွေ့ရှိရသည်။ အချို့လုပ်ငန်းရှင်များက ကလေးသူငယ်များအပေါ် အကြွေးတင်ကြသည်။ ကလေးသူငယ်များ၊ လူငယ်များကို ကြွေးမြီဖြင့် နှောင်ဖွဲ့၍အလုပ်ချိန်ကန့်သတ်မှုမရှိဘဲ ခိုင်းစေကြသည်ကိုကြားသိနေရပေသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၃၏ အပိုဒ်ခွဲ(က)တွင် လူကုန်ကူးမှုဆိုသည်ကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုထားရှိသည်-

(က) **လူကုန်ကူးမှု** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ **‘ခေါင်းပုံဖြတ်ခြင်းပြုရန် အလို့ငှာ’** အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုပြုလုပ်ပြီး လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုသည်-

(၁) ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊

(၂) သွေးဆောင်ခေါ်ယူခြင်း၊

(၃) လိမ်လည်ခြင်း၊

(၄) လှည့်ဖြားခြင်း၊

(၅) အခွင့်အာဏာကို အလွဲသုံးစားခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသောအခြေအနေကို အလွဲသုံးစားပြုခြင်း၊

(၆) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ကို ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်း၊

ရှင်းလင်းချက် (၁)။ ခေါင်းပုံဖြတ်ခြင်း ဆိုရာတွင် ပုဂ္ဂိုလ်တစ်ဦးသည် အခြားသူ တစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ ပြုလုပ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုပေးစေ ခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီ ဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်းကိုဖြစ်စေ၊ သူတစ်ပါး ခန္ဓာကိုယ်၏ အင်္ဂါအစိတ်အပိုင်းအား ထုတ်ယူဖယ်ရှားခြင်း၊ ရောင်းချခြင်းကိုဖြစ်စေ ပြုရာမှ ငွေကြေးကိုသော်လည်းကောင်း၊ အကျိုးအမြတ် တစ်စုံတစ်ရာကိုသော်လည်းကောင်း လက်ခံရယူခြင်း သို့မဟုတ် လက်ခံရယူရန် သဘောတူခြင်း ပါဝင်သည်။

ရှင်းလင်းချက် (၂)။ ပြည့်တန်ဆာပြုခြင်း ဆိုသည်မှာ ငွေကြေးအကျိုးအမြတ် သို့မဟုတ် အခြားအဖိုးစားနား တစ်ခုခုအတွက် ကာမစပ်ယှက်ရန် သို့မဟုတ် ကာမရာဂစိတ်ပေါ်ပေါက်ရန် အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက တစ်စုံတစ်ရာ ပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ဆက်ဆံခြင်း သို့မဟုတ် အစီအစဉ်ချမှတ် ဆောင်ရွက်ခြင်းကို ဆိုသည်။

ရှင်းလင်းချက် (၃)။ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း ဆိုသည်မှာ ကြွေးမြီအတွက် ပေးဆပ်သည့်အနေဖြင့်ဖြစ်စေ၊ ကြွေးမြီအတွက် အာမခံပေးသည့်အနေဖြင့်ဖြစ်စေ အလုပ်လုပ်ကိုင်ပေးရမည့်ကာလနှင့် လုပ်ငန်းအမျိုးအစား တိကျမှုမရှိဘဲ သို့မဟုတ် ကြွေးမြီပြေကျေသည့်အထိ သင့်လျော်သည့် လုပ်အားတန်ဖိုးကို သတ်မှတ်ချက်မရှိဘဲ အလုပ်လုပ်ကိုင်ပေးစေခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးစေခြင်းကို ဆိုသည်။

(ခ) **ညစ်ညမ်းသည့်ပုံပြသခြင်း** ဆိုသည်မှာ ကာမရာဂစိတ်နိုးကြွစေရန် အလို့ငှာ ဖိုမဆက်ဆံမှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ လိင်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ ကိုယ်တိုင်ပြသခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ရုပ်ရှင်ရိုက်ကူးပြသခြင်း သို့မဟုတ် ခေတ်မီနည်းပညာ တစ်ရပ်ရပ်ကို အသုံးပြု၍ ပြသခြင်းကိုဆိုသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၀၏ အကျယ်ရှင်းလင်းချက်တွင် လူတစ်ဦးအား ကျွဲနွားတိရစ္ဆာန်ပမာ၊ သက်မဲ့အရာဝတ္ထုတစ်ခုပမာ ပိုင်ဆိုင်အသုံးပြုခြင်းသည် ကျွန်ပြုခြင်းပင်ဖြစ်သည်ဟု ရှင်းလင်းထားရှိသည်။

အေးစံ (ရဲဗလ)

ကျေးကျွန်ဆိုသည်မှာ ‘ကြွေးမြီစသော အကြောင်းတစ်ခုခုကြောင့် သူတစ်ပါးထံတွင် ကျွန်အဖြစ်အခိုင်းအစေခံသူ’ ဟု ၂၀၀၈ခုနှစ် ဩဂုတ်လထုတ် မြန်မာအဘိဓာန် စာမျက်နှာ ၂၅တွင် အတိအလင်း အဓိပ္ပာယ်ဖွင့်ဆိုထားရှိသည်။

ထို့ကြောင့် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးငယ်များဖြင့် စီးပွားရေးလုပ်ကိုင်နေသူများအနေဖြင့် လူကုန်ကူးမှု၊ လူအရောင်းအဝယ်ပြုလုပ်မှုများ ကင်းရှင်းခြင်းရှိစေကာမူ အထက်တွင် ဖော်ပြထားသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်ပါ ‘ခေါင်းပုံဖြတ်ခြင်း’၊ ‘ငှားရမ်းခြင်း’၊ ‘ငှားယူခြင်း’ ‘ကျေးကျွန်သဖွယ်ခိုင်းစေခြင်း’နှင့် ‘ကာမရာဂစိတ်ပေါ်ပေါက်စေရန်အလို့ငှာ ပုဂ္ဂိုလ်တစ်ဦးကို အခြားတစ်ဦးက တစ်စုံတစ်ရာပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ဆက်ဆံခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ ကာမရာဂစိတ်နိုးကြွစေရန်အလို့ငှာ အမူအရာပြုလုပ်ပြသစေခြင်း’ စသည့် ပြဋ္ဌာန်းချက်များနှင့်ငြိစွန်း၍ ဖြစ်ပေါ်လာသည့် မှုခင်းပြဿနာများကို အဆုံးအဖြတ်ပြုရာတွင် အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးသာဖြစ်သည်ဟု သဘောထားရှိမည်ဆိုပါက နိုင်ငံတော်က အမျိုးသားရေးတာဝန်ဖြင့် ရည်ရွယ်သတ်မှတ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းချက်ကို မျက်ကွယ်ပြုရာ ကျရောက်ပေမည်။ အမျိုးသမီးများ၊ ကလေးသူငယ်များ၏ အကျိုးကိုလည်း ကျွန်ုပ်တို့သည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ကျေပွန်စွာ ကာကွယ်စောင့်ရှောက်ပေးသည်ဟုဆိုရန် ခဲယဉ်းမည်ဖြစ်သည်။

ကလေးသူငယ်များ၊ လူငယ်များ၏လုပ်အားကို ရယူရန်အတွက် ထိုကလေးသူငယ်များ၊ လူငယ်များ၏ဓာတ်ပုံဖြင့် ရပ်ကွက်အာဏာပိုင်များထံ မိမိ၏ အလုပ်သမားအဖြစ် ဧည့်စာရင်းတိုင်ကြားကာ ကလေးသူငယ်များ၊ လူငယ်များကို စုဆောင်းထားရှိပြီး ခိုင်းစေနေကြသည်လည်း ရှိတတ်သည်။ အကယ်၍ ကလေးသူငယ်နှင့် စီးပွားရေးလုပ်ငန်းရှင်ကြား ဖြစ်ပေါ်လာသည့် မှုခင်းကိစ္စရပ်သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ငြိစွန်းသည့် လုပ်အားခ သို့မဟုတ် ဝန်ဆောင်မှုအပေါ် ခေါင်းပုံဖြတ်မှုပါရှိပါကအလုပ်ရှင် အလုပ်သမားကြား ဖြေရှင်းရမည့် ပြဿနာမဟုတ်တော့သည်ကို သတိချပ်သင့်ပေသည်။ ကလေးသူငယ်များနှင့် ပဋိညာဉ်ပြုလုပ်၍ (ကတိစာချုပ်) ချုပ်ဆိုမှုသည်လည်း ပဋိညာဉ်အက်ဥပဒေအရ တရားမဝင်သည်ကို သတိပြုရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၀သည် ကျေးကျွန်စနစ်ကို ဖြိုခွင်းရန် ပြဋ္ဌာန်းထားသော ပုဒ်မတစ်ခုဖြစ်ပါသည်။ သို့သော် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၇၀၏ ပြဋ္ဌာန်းချက်အပါအဝင် ကျယ်ပြန့်စွာပြဋ္ဌာန်းထားရှိသော ဥပဒေတစ်ရပ်ဖြစ်သည်။ အကယ်၍ သင်၏အပြုအမူသည်-

(၁) ကလေးသူငယ်များနှင့် လူငယ်များအပေါ် ဝယ်ယူထားသည့် အပြုအမူမျိုး ပေါ်ပေါက်ပါသလား။

(၂) ကလေးသူငယ်များ၏ ကိုယ်ပိုင်အချိန်၌ပင်လျှင် ကလေးသူငယ်များ၏လွတ်လပ်မှုကို ချုပ်ကိုင်ထားခြင်း၊ ဟန့်တားခြင်း၊ ထိန်းချုပ်ခြင်း၊ လူသားမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းများ ရှိပါသလား။

(၃) ကလေးသူငယ်များ၊ လူငယ်များ၏စိတ်တွင် စိုးရိမ်ကြောက်လန့်စိတ်များ ပေါ်ပေါက်စေရန် ကြမ်းတမ်းစွာ ဆက်ဆံခြင်း၊ ကိုယ်ထိ လက်ရောက် ရိုက်နှက်ညှဉ်းပန်းမှု ရှိပါသလား။

(၄) အလုပ်သမားဟု အမည်ခံခေါ်ဆိုပြီး အလုပ်ချိန်ကန့်သတ်မှုမရှိဘဲ ကျွန်နှင့်မခြား ကလေးသူငယ်အား ခိုင်းစေခြင်း၊ လုပ်အားအပေါ် ခေါင်းပုံဖြတ်ခြင်း ရှိပါသလား။

(၅) ကလေးသူငယ်(သို့မဟုတ်) လူငယ်အား ကျွန်ဖြစ်ဘိသကဲ့သို့ ပြုမူဆက်ဆံခြင်း၊ လူသားတစ်ယောက်၏ စားဝတ်နေရေးကို မပေးဘဲ အခန်းတွင်း ပိတ်လှောင်ထားကာ အလုပ်လုပ်ရမည့် အချိန်ရောက်မှ အခန်းတွင်းမှ ခေါ်ထုတ်ခြင်းတို့ကို ပြုလုပ်မိပါသလား။

(၆) ကာမရာဂကိုနှိုးဆွသည့် အပြုအမူမျိုး ပြုလုပ်စေရန် ညွှန်ကြားမိပါသလား။ (ခိုင်းစေမိပါသလား)

(၇) ကာမရာဂနှိုးဆွသည့် အပြုအမူမျိုးမှရရှိသည့် ငွေကြေးအပေါ် ခွဲဝေယူမိပါသလား(သို့တည်းမဟုတ်) ခေါင်းပုံဖြတ်မိပါသလား။

(၈) ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေမှုမျိုးကို ပြုလုပ်မိပါသလား။

ဖော်ပြပါအကြောင်းအရာများကို မပြုလုပ်မိစေရန် အကြံပြုအပ်ပါသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိသည်-

မည်သူမဆို အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား လူကုန်ကူးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ၁၀နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အထက်ပါအကြောင်းများကြောင့် ကလေးသူငယ်များ၊ လူငယ်များ၏ ဝန်ဆောင်မှုဖြင့် စီးပွားရေးရှေ့တန်းရောက်ရှိနေသူများအနေဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် ကလေးသူငယ်ဥပဒေတို့ကို သိရှိနားလည်ထားသင့်ကြောင်း အကြံပြုအပ်ပါသည်။ မိမိတို့သည် လူကုန်ကူးမှု မပြုလုပ်ကြောင်း၊ လူအရောင်းအဝယ်၊ လူမှောင်ခိုမပြုလုပ်ပါ၊ ကင်းရှင်းသည်ဟု ဆိုသော်လည်း မိမိ၏အပြုအမူဆောင်ရွက်ချက်သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းမည်ဆိုပါက ဥပဒေကို နားမလည်၍ ခွင့်လွှတ်ပါ။ မိမိသည် ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်မရှိပါဟု ထုချေခွင့်မရှိကြောင်း အကြံပြု ရေးသားလိုက်ရပါသတည်း။ ။

နိုင်ငံတော်အနေဖြင့် အထွက်ကောင်းသည့် ငွေချည်(၆) ဝါမျိုးကို စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ပေးထား ဝါအထွက်ကောင်းအောင် နည်းမှန်စနစ်မှန် စိုက်ပျိုး၊ အဆင့်အတန်းကောင်းသည့် ဝါများဖြစ်ရေး ကြိုးပမ်းထုတ်လုပ်

☆ရွှေ့ဖုံးမှ

ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ချည်မျှင်စက်ရုံ(ပျော်ဘွယ်) အတွင်းရှိ ဝါဖန်ဌာန၊ ဗိုင်းတောင့်ဌာန၊ ချည်ငင်ဌာနနှင့် ချည်ချောဌာနတို့၌ လုပ်ငန်းဆောင်ရွက်နေမှု၊ ပလိပ်၊ ရွှေတောင်နှင့် ဝမ်းတွင်း ချည်ထည်နှင့် အချောကိုင်စက်ရုံများမှ ထုတ်လုပ်သည့် ပန်းရိုက်ပိတ်များ၊ စွပ်ကျယ်စက်ရုံများမှ ထုတ်လုပ်သည့် ထိုးထည်အင်္ကျီများနှင့် အထည်စက်ရုံများမှ ထုတ်လုပ်သည့် ချည်ထည်များကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ချည်မျှင်စက်ရုံ(ပျော်ဘွယ်)၌ စက်ရုံများမှ ထုတ်လုပ်သည့် ပိတ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချည်မျှင်ရှည်ဝါ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဆက်လက်ထွက်ခွာလာပြီး ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၁) ရှိ ဧက ၂၃၀ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ခင်းသို့ ရောက်ရှိသည်။

သီးနှံထုတ်လုပ်မှု

နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍သီးနှံများစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကိုမေးမြန်းပြီး နိုင်ငံတော်အနေဖြင့် အထွက်ကောင်းသည့် ငွေချည်(၆)ဝါမျိုးကို စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် ဝါအထွက်ကောင်းအောင် နည်းမှန်၊ စနစ်မှန် စိုက်ပျိုးရန်၊ အဆင့်အတန်းကောင်းသည့် ဝါများဖြစ်ရေး ကြိုးပမ်းထုတ်လုပ်ရန်၊ မိမိတို့ ပင်ပန်းကြီးစွာဖြင့် ရရှိထားသောဝင်ငွေများကို စနစ်တကျ စုဆောင်းပြီး လူနေမှုဘဝမြင့်မားအောင် ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးကြိုငွေချည်(၆) ချည်မျှင်ရှည်ဝါ ဧက ၂၃၀ စိုက်ခင်းတွင် မိုးကြိုငွေချည်(၆)ဝါများ စိုက်ပျိုးထားမှု၊ တီကျစ်စာမြေဆွေး၊ တီဆေးရည်နှင့် တီကောင်မွေးမြူရေးကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့နယ် ကျားသေကန်ကျေးရွာ ကွင်းအမှတ်(၁၁၄၇) ဦးပိုင်အမှတ် (၁၁၃/၂)ရှိ ဦးဝင်းညွန့်၏ လယ်ကွင်းသို့ ရောက်ရှိကြသည်။

စပါးစိုက်ပျိုးမှု

နိုင်ငံတော် ဝန်ကြီးချုပ်သည် တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေများကို မေးမြန်းပြီး စပါးအထွက်တိုးရန်အတွက် စိုက်နည်းမှန်ပြီး သတ်မှတ်သွင်းအားစုများ ပြည့်မီစွာ သုံးစွဲရေးနှင့် စပါးရိတ်သိမ်းရာတွင် အလေအလွင့် မရှိစေရေးအတွက် စပါးရိတ်သိမ်းစက် အသုံးပြုရေး၊ ပညာတတ်မှ အသိပညာတိုးတက်ပြီး မိသားစုဘဝနှင့် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ သားသမီးများ ပညာသင်ကြားရေးကို အားပေးရန်၊ ကျေးလက်စာကြည့်တိုက်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် အသိပညာပေးစာစောင်များ စီစဉ်ပေးရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကင်းတားလက်ဝဲမြောင်း လက်တံမြောင်းအမှတ်(၁၇)ရေသောက်ဧရိယာရှိ လယ်ကြားမြောင်းများကို အသေးစားမြေတူးစက်များဖြင့် မြောင်းတူးဖော်နေမှုနှင့် လယ်ယာသုံး စက်ကိရိယာများဖြင့် စပါးရိတ်သိမ်းခြွေလှေ့နေမှု၊ မိုးစပါးစိုက်ပျိုးရန် မြေပြုပြင်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝမ်းတွင်းမြို့နယ် ကိုင်းကျေးရွာအုပ်စု ပြည့်စုံကုန်းကျေးရွာရှိ တောင်သူ ဦးအောင်ဝင်း၏ မိုးကြိုငွေချည်(၆) ချည်မျှင်ရှည်ဝါစံပြကွက် စိုက်ခင်းသို့ရောက်ရှိပြီး ဝါတောင်သူများနှင့်တွေ့ဆုံကာ ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းပြီး အရည်အသွေး၊ အမျိုးအစားကောင်းသည့် ဝါများ ထုတ်လုပ်ရန်၊ ဝါဆွတ်ခူးရာတွင် ဝါသန့်ရှင်းမှုရှိရေး ဂရုပြုရန်၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းစိုက်ပျိုးရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တောင်သူ ဦးအောင်ဝင်း၏ မိုးကြိုငွေချည်(၆) ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ ရဲမအူကွင်းရှိ တောင်သူ ဦးအေးလွင်၏လယ်သို့ ရောက်ရှိပြီး ပလတ်စတစ် ဆန်ခါပိုက်ဖြင့် မိုးစပါးပျိုးထောင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးကျော်သိန်းက ရှင်းလင်းတင်ပြသည်။

ပလတ်စတစ်ဆန်ခါပိုက် အသုံးပြု၍ စပါးပျိုးထောင်ခြင်းဖြင့် မျိုးစေ့နှုန်းသက်သာခြင်း၊ ပျိုးနုတ်စရိတ်သက်သာခြင်း၊ ပျိုးနုတ်ရလွယ်ကူ၍ ချက်ချင်းစိုက်နိုင်ခြင်း၊ ပျိုးပင်မနာ၍ ဖြစ်စဉ်အားကောင်းခြင်း၊ ပျိုးသက်နု၍ အန့်ပါပင်ပွားများခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ဝမ်းတွင်းမြို့နယ် ကိုင်းကျေးရွာအုပ်စု ပြည့်စုံကုန်းကျေးရွာရှိ တောင်သူ ဦးအောင်ဝင်း၏ မိုးကြိုငွေချည်(၆) ချည်မျှင်ရှည်ဝါစံပြကွက် စိုက်ခင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

☆ စပါးအထွက်တိုးရန်အတွက် စိုက်နည်းမှန်ပြီး သတ်မှတ်သွင်းအားစုများ ပြည့်မီစွာ သုံးစွဲ၊

☆ စပါးရိတ်သိမ်းရာတွင် အလေအလွင့် မရှိစေရေးအတွက် စပါးရိတ်သိမ်းစက် အသုံးပြု၊

☆ ပညာတတ်မှ အသိပညာတိုးတက်ပြီး မိသားစုဘဝနှင့် ဒေသဖွံ့ဖြိုးရေးကိုဆောင်ရွက်နိုင်မည်ဖြစ်၍ သားသမီးများ ပညာသင်ကြားရေးကို အားပေး၊

☆ ကျေးလက်စာကြည့်တိုက်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် အသိပညာပေးစာစောင်များ စီစဉ်ပေး၊

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်အနီး ရှုရပ်မှ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက စီမံကိန်းတည်နေရာ၊ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်နှင့် ပျမ်းမျှစီးဝင်ရေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ၊ တမံအမျိုးအစား၊ ရေလွှဲဥမင်၊ ရေလွှဲဆည်၊ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အားနှင့် နှစ်စဉ်ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားတို့ကို လည်းကောင်း၊ စီမံကိန်း၏ လုပ်ငန်းများအလိုက် ပြီးစီးမှုနှင့်ဆောင်ရွက်မှုတို့ကို လည်းကောင်း၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းပုံစံငယ်ကို ကြည့်ရှုပြီး ရှင်းလင်းဆောင်အနီး ရှုရပ်မှ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ပင်မ တမံတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေအားလျှပ်စစ်ဥမင်လိုဏ်ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကင်းတားလက်ဝဲမြောင်း လက်တံမြောင်း အမှတ်(၁၇) ရေသောက်ဧရိယာလယ်ကွက်၌ စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့ကြီး ရေလှောင်တမံ ဘက်စုံ စီမံကိန်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ တည်ရှိပြီး တမံအမျိုးအစား မြေသားတမံ၊ တမံအလျား ၂၄၆၁ ပေ၊ တမံအမြင့် ၂၅၈ပေ၊ ရေအားလျှပ်စစ်တပ်ဆင်ဓာတ်အား ၁၅ မဂ္ဂါဝပ် နှစ်လုံးဖြင့် ၃၀ မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မည့်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၃၅ ဒသမ၇၀ဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာအနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)သို့ ရောက်ရှိပြီး တစ်ခါသုံးဆေးထိုးအပ် ထုတ်လုပ်မှုဌာနနှင့် သွေးကြောသွင်းဆေးရည် ထုတ်လုပ်မှုဌာနတို့၌ ကုန်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီး ဦးအောင်သောင်းက စက်ရုံတည်ထောင်ရသည့် ရည်ရွယ်ချက်၊ စက်စွမ်းအား သတ်မှတ်ချက်၊ လျှပ်စစ်နှင့် စက်သုံးဆီရရှိမှု၊ လက်ရှိ ထုတ်လုပ်လျက်ရှိသည့် ကုန်ပစ္စည်းများ၊ ထပ်မံထုတ်လုပ်မည့်ဆေးဝါးများ၊ ဖြန့်ဖြူးရောင်းချမှုအခြေအနေ၊ ကုန်ကြမ်းလိုအပ်ချက်နှင့် ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ထုတ်လုပ်သည့် ကုန်ပစ္စည်းနှင့် ဆေးဝါးများ အရည်အသွေး ကောင်းမွန်ရေး၊ ထုပ်ပိုးစနစ် ကောင်းမွန်ရေးတို့ကို အမြဲမပြတ် စစ်ဆေးကြပ်မတ်ပြီး သုံးစွဲသူအကျိုးဖြစ်ရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (အင်ရောင်း)တွင် 3ml, 5ml, 20ml တစ်ခါသုံးဆေးထိုးအပ် သုံးမျိုး၊ Essential Drug Infusion စာရင်းဝင် သွေးကြောသွင်းဆေးရည် (၅) မျိုးနှင့် ထိုးဆေး ၁၆ မျိုး ထုတ်လုပ်လျက်ရှိပြီး ထပ်မံ၍ Dextrose ၁၀% Infusion သွေးကြောသွင်းဆေးရည်နှင့် ထိုးဆေးများဖြစ်သည့် Streptomycin Injection, Cefotaxime တို့ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ပြသထားသည့် ထွန်စက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီး ဦးဌေးဦးက စက်ရုံ၏ တည်နေရာ၊ ထုတ်လုပ်နိုင်မည့် စွမ်းအား၊ ဝန်ထမ်းအင်

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာ့လယ်ယာသုံး စက်ကိရိယာ စက်ရုံ (အင်းကုန်း)၌ ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

န်ရေး၊ တို့ကို မတ်ပြီး ဂရုပြု ဉ်။ းစက်ရုံ 20ml

Cefotaxime တို့ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာသုံးအား၊ စက်ရုံများအလိုက် ထုတ်လုပ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်မှုလယ်ယာ ကူးပြောင်းရေး အရှိန်အဟုန်မြှင့်တင်ခြင်းနှင့် အပိုပစ္စည်းများ အလွယ်တကူဝယ်ယူရရှိရန် ဆောင်ရွက်ပေးခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သမားရိုးကျ ရိတ်သိမ်းခြင်းသည် အလေအလွင့်များသဖြင့် ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုခြင်းဖြင့် အလေအလွင့်နည်းကြောင်း၊ ပညာပေးစည်းရုံးရန်နှင့် စက်များ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာ့လယ်ယာသုံး စက်ကိရိယာ စက်ရုံအတွင်းရှိ အင်ဂျင်ပိုင်း အလုပ်ရုံ၊ ကိုယ်ထည်ပိုင်းအလုပ်ရုံ၊ ဂီယာထုတ်လုပ်မှု အလုပ်ရုံနှင့် သံရည်ကျိုပုံလောင်း အလုပ်ရုံတို့ကိုလည်းကောင်း၊ စက်ရုံမှ ထုတ်လုပ်ထားသည့် စက်များနှင့် စက်ကိရိယာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံများ နယ်မြေ(ကျောက်ဆည်)သို့ ရောက်ရှိကြသည်။

ထို့နောက် ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)၌ ဝန်ကြီး ဦးအောင်သောင်းက စက်ရုံပြုပြင်မွမ်းမံမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံများနယ်မြေ(ကျောက်ဆည်) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဝန်ကြီး ဦးအောင်သောင်းက စက်ရုံများ နယ်မြေ(ကျောက်ဆည်)ရှိ စက်ရုံများ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ဘိလပ်မြေစက်ရုံအတွက် လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့ရရှိမှု၊ ဘိလပ်မြေ တစ်အိတ် ထုတ်လုပ်ကုန်ကျမှုစရိတ်၊ ဘိလပ်မြေ၏ ထူးခြားကောင်းမွန်ချက်များနှင့် စက်ရုံပြုပြင် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

ဆက်လက်၍ စက်ရုံများ နယ်မြေ (ကျောက်ဆည်)ရှုရပ်မှ Float Glass မှန်စက်ရုံ စီမံကိန်းနှင့် ယင်းစွဲတောင်မှ သလင်းသဲကျောက် (Quartzite) ထုတ်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(အင်းရောင်း)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သုံးမျိုး၊ စာရင်း ဉ် (၅) တ်လုပ် trose ာသွင်း တ်သည့် tion,

စက်ကိရိယာစက်ရုံ(အင်းကုန်း)သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ပြသထားသည့် ထွန်စက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီး ဦးဌေးဦးက စက်ရုံ၏ တည်နေရာ၊ ထုတ်လုပ်နိုင်မည့် စွမ်းအား၊ ဝန်ထမ်းအင်ရန် ကြိုးပမ်းဆောင်ရွက်ချက်အနေဖြင့် စက်ကိရိယာများ အရည်အသွေး မြှင့်တင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဒေသအလိုက် အသုံးပြုနေသည့် လယ်ယာသုံးစက်ကိရိယာ အမျိုးအမည်သစ်များ ထုတ်လုပ်

ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာ ရဲမအူကွင်းရှိ တောင်သူ ဦးအေးလွင်၏လယ်၌ ပလတ်စတစ် ဆန်ခါပိုက်ဖြင့် မိုးစပါးပျိုးထောင်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၆)ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊အမှတ်(၂၆)၌ ဂဠုန်ဦးစောက 'ဘာလို့ လုပ်ကြံခဲ့သလဲ' အာဇာနည်နေ့ အကြို အထူးဆောင်းပါးနှင့်အတူ ပုဂ္ဂလိကဆေးခန်းတချို့တွင် ဆေးကုသခံမည့် လူနာများ စပေါ်ငွေတင်လာရ၊ ပြည်ပမှပဲပုပ် မြန်မာနိုင်ငံသို့ ပထမဆုံးတင်သွင်း၊ မြန်မာသဘော်သားလူစွန့်စားများ၏ ကိုယ်တွေ့ဖြစ်ရပ်ကို MRTV-4 က ရိုက်ကူးထုတ်လွှင့်ရန် စီစဉ်၊မြန်မာ-ဗီယက်နမ် ခရီးသွားမြှင့်တင်လေ့လာရေးအဖွဲ့ ဗီယက်နမ်မြို့ကြီးများတွင်လေ့လာနေ၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဖုန်းဖြင့်ဝန်ဆောင်မှုပေးမည့် စင်တာတစ်ခု ပြည်တွင်းတွင် ပထမဆုံးဖွင့်လှစ်နိုင်ရန်စီစဉ်နေ၊ ဓာတ်ဆီသုံး မီးစက်ကို ရေဓာတ်ငွေ့ဖြင့် မောင်းနိုင်ရန်စီစဉ်၊ လှိုင်သာယာစက်မှုဇုန်မှ အလုပ်သမားများကို တုပ်ကွေးကာကွယ်ဆေးထိုးရန် ညွှန်ကြားစသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ အလောင်းတော်ကဿပဂူအတွင်း ရဟန္တာတစ်ပါး ကြွရောက်ခဲ့ Myanmar DISCOVERY၊ ဆရာဘုန်းလူလှ၏ နိုင်ငံရေးသဘောတရားများ Political Column၊ စည်းကမ်းသည်သာ တိုးတက်ကြီးပွားရာ၊ လက်ဦးဆရာမှန်ကန်ပါမှ ပန်းကလေးများ လန်းနိုင်မည်၊ မီးလောင်လျှင် လျှပ်စစ်လော ကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'အာရှသားတွေနဲ့ ဥရောပသားတွေကြားမှာ အပြန်အလှန် ယုံကြည်မှု ကင်းမဲ့နေတယ်' အာရှ-ဥရောပ ဖောင်ဒေးရှင်းအကြီးအကဲ ဒိုမီနစ်ဂီးရာ့ဒ်နှင့် STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ပျော်ရွှင်မှုကို ငွေနဲ့ဝယ်လို့ရပြီလား၊ အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်သည့်အရာများရှိနေ၊ ပါကစ္စတန်ရှိ ဝတ်ပြုဆုတောင်းသည့် ဗိမာန်တစ်ခုတွင် အသေခံဗုံးခွဲတိုက်ခိုက်ခံရ၍ လူ ၄၀ ကျော်သေဆုံး၊ ရုရှားသူလျှိုအဖြစ် သံသယရှိနေသူများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ထွက်ပေါ်လာ၊ လူနဲ့တူတဲ့ငါး၊ နေမင်းကြီးပြုံးနေတယ်၊ ကင်ဆာရှိ၊ မရှိ တံတွေးမှ ရှာဖွေဖော်ထုတ်နိုင်၊ မိန်းမလျာကို သတ်ဖြတ်သူအား ထောင်ဒဏ် ခုနစ်နှစ်နှင့် ကြိမ်ဒဏ် ရှစ်ချက် ပြစ်ဒဏ်ချမှတ်၊ အတွေးအခေါ်ပညာရှင် ပလေတို၏ ရှေးဟောင်းစာများတွင် လျှို့ဝှက်အဆိုအမိန့်များ ပုန်းကွယ်နေကြောင်း ထုတ်ဖော်တွေ့ရှိ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားပြီး ဓာတ်မြေသြဇာ ထုတ်လုပ်သည့်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနား-ဗန်းမော်ကားလမ်းဘေး ဝဲ၊ ယာ တစ်လျှောက်၌ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရန် ပျိုးထောင်နေမှု အခြေအနေများ၊ ဝိုင်းမော်မြို့နယ် ဒဘတ်ဖန်ကျေးရွာမှ မိုးမောက်မြို့နယ် တာလီကျေးရွာအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် ကျောက်စီလမ်းအခြေအနေနှင့် ဒါးရှိး၊ အင်လေး၊ အောင်မြေ(၁)၊ (၂)၊ နမ်ဆန်ယန်ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဝိုင်းမော်မြို့နယ် ခါ့လားရွာရှိ ပုဂ္ဂလိက နှစ်ရှည်ရော်ဘာနှင့် အခြားဘက်စုံသီးနှံစိုက်ခင်းသို့ ရောက်ရှိရာ ခြံရှင်က နှစ်ရှည်ရော်ဘာနှင့် အခြားနှစ်ရှည်ပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များ မှာကြား၍ နှစ်ရှည်ပင်များ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒေါ့ဖုန်းယန်မြို့နယ် (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ တာဝန်ခံဆရာဝန်က ဆေးရုံအတွင်း ဆေးဝါးကုသပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများကိုပေးအပ်၍ တာဝန်ရှိသူတစ်ဦးက ကျန်းမာရေးဝန်ကြီးဌာနမှ ပေးအပ်သည့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက အိမ်တွင်းမှုပညာရပ်များ သင်ကြားပို့ချလျက်ရှိသည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များမှာကြားကာ သင်တန်းသူများ၏ လက်ရာပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းအတွက် အလှူငွေများ ပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနား-ဗန်းမော်လမ်း လမ်းတံတားလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းမန်နေဂျာက မြစ်ကြီးနား-ဗန်းမော်လမ်း လမ်းပိုင်းများတွင် လမ်းတံတားများ ပြုပြင်ထိန်းသိမ်းဖောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များမှာကြား၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် မိုးမောက်မြို့နယ် မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက မိုးစပါးစိုက်ပျိုးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များမှာကြား၍ စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)သို့ရောက်ရှိရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပင်မသုံးထပ်ဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဗန်းမော်တက္ကသိုလ်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက သင်ကြားပို့ချနေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဆောင်ရွက်ရန် လိုအပ်သည်များ မှာကြားကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီတွင် ဗန်းမော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီးက အိမ်တွင်းမှုပညာရပ်များ ပို့ချသင်ကြားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် သင်တန်းသူများ စက်ချုပ်လေ့ကျင့်သင်ကြားနေမှုနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ရုံးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာနှင့် ပြည်နယ်မန်နေဂျာတို့က စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗန်းမော်မြို့ ခုတင် (၂၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ခွဲစိတ်ကုသဆောင် တည်ဆောက်မည့် လုပ်ငန်းကို လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဗန်းမော်တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး တပ်ဖွဲ့ဝင် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် ဗန်းမော်မြို့ ဖွံ့ဖြိုးစည်ပင်တိုးတက်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဟန်းဟဲကျေးရွာ ဗန်းမော်ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းညွှန်ကြားရေးမှူးက ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ မှာကြားကာ ဓာတ်အားထိန်းချုပ်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မန်ဝိုင်း-မန်စီ-ဗန်းမော်ကားလမ်းပိုင်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူက လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို မှာကြား၍ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများ၊ လမ်းဘေးဝဲ၊ ယာတစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးစည်ပင်မှုနှင့် မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့သည် ဧရာဝတီတံတား (စင်းခန်း)သို့ ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များမှာကြားကာ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေး-တကောင်း-ဗန်းမော်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု၊ လမ်းဘေးဝဲ၊ ယာတစ်လျှောက်ရှိ ကျေးရွာများဖွံ့ဖြိုးဝေစည်မှုနှင့် လမ်းကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး သာယာကုန်း-ဥဒေါင်းတောင်လမ်းပိုင်း ခင်းကျင်းမည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပင်လောင်း-တုံဟုံး-ညောင်ရွှေလမ်း ပြုပြင်ဆောင်ရွက်ထားရှိမှု တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်သည် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၅ ရက်တွင် ပင်လောင်းမြို့နယ် အင်တီးကျေးရွာ ငါးသားဖောက်ပြုစုရေးစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ငါးများ စနစ်တကျ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပင်လောင်း - တုံဟုံး-ညောင်ရွှေလမ်းတစ်လျှောက် လမ်းနှင့် တံတားများ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေမြို့နယ် သပြေကုန်းကျေးရွာသို့ ရောက်ရှိကာ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ရေဝေရေလဲဒေသထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား သစ်ပင်ပျိုးပင်များကို ပေးအပ်ပြီး ခါတော်မီပင်ကို စိုက်ပျိုးပေး၍ အခမ်းအနားတက်ရောက်လာကြသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး **(အပေါ်ယာပုံ)** ဒေသခံပြည်သူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တိုင်းမှူးသည် ရွှေညောင်-ညောင်ရွှေ-နမ့်ပန်-တုံဟုံးလမ်း လမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ရဲကျောင်းလမ်းတံတား တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးသိန်းနိုင် ကွင်းဆင်းကြီးကြပ်စဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက်တွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူးတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အနိုင်ရဗိုလ်စွဲသွားသည့် တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေး စာတမ်းဖတ်ပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍အင်းလေးကန်ဝန်းကျင် ရေရှည်တည်တံ့ရေးနှင့် ရေဝေရေလဲဒေသထိန်းသိမ်းရေး ဘက်စုံစီမံကိန်း စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၂၊ ၁၃၊ ၁၄ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၊ငါးလုပ်ငန်းဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ်၊ NGO အဖွဲ့အစည်းများဖြစ်သည့် ဖရီဒါ၊ ဆေဖ့်အန်ချေဒရင်း၊ UNDP၊ Barca၊ အင်းလေးကန်အရေး စိတ်ဝင်စားသည့် ပညာရှင်များက စုစုပေါင်းစာတမ်း ၂၈ စောင် ဖတ်ကြားကြမည်ဖြစ်ပြီး စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ကမ္ဘောဇဘဏ်လီမိတက်က အဓိက ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသမီးတံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၀

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပမည့် ၂၀၁၀ ခုနှစ် အမျိုးသမီးတံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၅ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများ သည် ဇူလိုင် ၂၈ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

အမျိုးသမီးတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အသက် (၅၀)နှစ်အထက် စီနီယာတံခွန်စိုက်ပြိုင်ပွဲကို ၁၉၆၀ခုနှစ် ဇန်နဝါရီ ၁ ရက်မတိုင်မီ မွေးဖွားသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရှိရသည်။ (စစ်တုရင်အဖွဲ့ချုပ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

၂၀၁၀ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ အသင်းလိုက်နှင့် တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် M.R.T ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးသန်းညွန့်၊ ရန်ကုန်တိုင်း စစ်တုရင်ကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် MGW ဆောက်လုပ်ရေးမှ နာယက ဦးဝင်းအောင်တို့က ငွေကျပ် ငါးသိန်းစီနှင့် ရွှေနီဦး ဆောက်လုပ်ရေးမှ ဦးလှထွန်းဦးက ငွေကျပ် နှစ်သိန်းတို့ကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံသည်။

ယင်းနောက် တာဝန်ရှိသူများက နှစ်သိမ့်ဆုရရှိသူများ၊ တစ်ဦးချင်း စတုတ္ထမှ ဒသမအထိ ဆုရရှိကြသူများ၊ တစ်ဦးချင်း တတိယ၊ ဒုတိယနှင့် ပထမ ဆုရရှိကြသူများ၊ (ခ)အဆင့် အသင်းလိုက် ဆုရရှိကြသူများ၊ အလွတ်တန်း အသင်းလိုက်ဆုရရှိကြသူများ၊ (ခ)အဆင့် အသင်းလိုက် ပထမဆုရရှိကြသည့် အသင်းများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် **(အပေါ်ပုံ)**က အလွတ်တန်း အသင်းလိုက် ပထမရရှိသည့် နောင်ရိုး(က) အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျိုက်မရောမြို့တွင် ၄ ဒသမ ၇၁ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၁၀ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၁၉ လက်မနှင့် မုဒုံမြို့နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၉၅ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

ဇူလိုင် ၁၁ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်) ၉၂ ဒီဂရီဖာရင်ဟိုက်		၉-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၆ ဒသမ သုညဒီဂရီစင်တီဂရိတ်) ၇၉ ဒီဂရီဖာရင်ဟိုက်		၁၀-၇-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း		၁၀-၇-၂၀၁၀
နေပူသည့်နာရီပေါင်း	၃ ဒသမ ၁ နာရီခန့်	၉-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၁၀-၇-၂၀၁၀	Tr	မရှိပါ	မရှိပါ
၁-၁-၂၀၁၀ မှ	၈၂၅မမ	၉၄၄မမ	၁၁၀၄မမ
ယနေ့အထိ	(၃၂.၄၈လက်မ)	(၃၇.၁၆)လက်မ	(၄၃.၄၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉-၇-၂၀၁၀ ရက် ၆း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်း တိုက်ခတ်သည်။

ရေစီးရေလာကောင်းမွန်ရေးစီမံချက်အရ ရန်ကုန်-ပြည်လမ်းဘေးတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၁၆ ရက်က ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲလတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်-နေ့လယ်-ည)

၁၁-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း-ကြေညာချက်
၇း၀၅	တရားတော် (မေတ္တာသုတ်-ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်-သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင်ကဗျာ့အမြင် (မေတ္တာအိမ်)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (လက်စွယ်ငုပ်ခြင်း)
၁၀း၄၀	တေးစီးရီး (တနင်္ဂနွေမိုးရေစက်များ-မိုးမိုး)
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ဆိုကြပျော်ရွှင်တေးသံစဉ်
၁၂း၀၀	စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-သရက်ပင်နဲ့ခွေးတောက်ပင်ပုံပြင်)
၁၂း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ကလေးတွေကြောက်အောင် မခြောက်ပါနဲ့) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ ရွှေနေကြီးဦးနက်ကျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများ-ချစ်ကိုကိုယု ၂။ ကြောင်သူတော်နှင့် အခြားပုံပြင်များ-မောင်သိန်းလွင်
၁၂း၅၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	သိလိုသမျှမေးကျန်းမာရေး တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မြတ်နိုးစရာကျေးရွာတေးကဗျာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၃၅	ဂန္ထဝင်ရင်ခုန်သံ(၈)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၃၀	သုတစုံကြွယ်သိစေဖွယ်-ထလော့မြန်မာ
၆း၄၅	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	Talk on Line (ဆင်ပေါက်) နိုင်ငံရေးဦးတည်ချက်
၇း၃၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (တူးတူး) စီးပွားရေးဦးတည်ချက်
၈း၄၀	လယ်ယာစီးပွား (စီးပွားဖြစ်ကန်စွန်းပင်)
၈း၅၀	တေးပဒေသာ လူမှုရေးဦးတည်ချက်
၉း၀၀	ရင်တွင်းခံစားတေးသီချင်းများ (မျိုးဆွေသန့်)
၉း၁၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၃၀	ခေတ်မရွေးသောတေး
၁၀း၀၀	အစီအစဉ်ပြီး။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(စစ်ကိုင်းတိုင်း) ပညာရည်ချွန်ဆုချီးမြှင့်၊ ပညာသင်စရိတ်ထောက်ပံ့

မုံရွာ ဇူလိုင် ၁၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (စစ်ကိုင်းတိုင်း)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ လူမှုထူးချွန်ဆုရရှိသည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲ၊ သင်တန်းအသီးသီးတွင် ပထမဖြင့် ထူးချွန်စွာအောင်မြင်ကြသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ၂၀၁၀ -၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စစ်ကိုင်းတိုင်းဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် လူမှုထူးချွန် (ဒုတိယ) ဆင့်ရ ဝန်ထမ်းတစ်ဦး၊ (တတိယ) ဆင့်ရ ဝန်ထမ်းတစ်ဦး၊ ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း သင်တန်းအသီးသီးတွင် ပထမဆု ရရှိသူဝန်ထမ်း ငါးဦးနှင့် မူ/လယ်/ထက် ကျောင်းသား၊ ကျောင်းသူ ၆၄၀ တို့အား စစ်ကိုင်းတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်အထွေထွေ မန်နေဂျာက ပညာထူးချွန်ဆု၊ ဝန်ထမ်း ထူးချွန်ဆုနှင့် ပညာသင်စရိတ်စုစုပေါင်း ငွေကျပ် ၃၅ သိန်းသုံးသောင်းကို ပေးအပ်ချီးမြှင့်ရာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများအား တာဝန်ရှိသူအသီးသီးက ဆုများချီးမြှင့်ခဲ့ကြသည်။**(ဝဲပုံ)**

(တိုင်းပြန်/ဆက်)

နယ်သာလန်နှင့် စပိန် ချန်ပီယံအသစ် ဘယ်သူဖြစ်မလဲ

တောင်အာဖရိကနိုင်ငံမှာ ကျင်းပတဲ့ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဥရောပရဲ့ ဘောလုံးအင်အားကြီးနှစ်သင်းဖြစ်တဲ့ စပိန်အသင်းနဲ့ နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ လိမ္မော်ရောင်ခြသေ့ နယ်သာလန်နဲ့ ယူရို ၂၀၀၈ ချန်ပီယံ စပိန်တို့ရဲ့ အားပြိုင်ပွဲမှာ ဘယ်အသင်း အသာရမလဲဆိုတာ ရင်ခုန်စွာနဲ့ ကြည့်ရှုခံစားရဦးမှာပါ။ စိတ်လှုပ်ရှားမှုနဲ့ထပ်တူ ဘောလုံးရသအပြည့်အဝ ပေးစွမ်းနိုင်မယ့် ပွဲကောင်းတစ်ပွဲလည်း ဖြစ်လာဦးမှာပါ။

နယ်သာလန်-စပိန်
၁၂-၇-၂၀၁၀ (တနင်္လာနေ့)
နံနက် ၁ နာရီ

ဥရောပတိုက်ပြင်ပမှာကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ဥရောပအသင်းအချင်းချင်း နောက်ဆုံးဗိုလ်လုပွဲမှာ ထိပ်တိုက်တွေ့ဆုံမှုက ဒါပထမဦးဆုံး အကြိမ်ပါ။ ဒါ့ပြင် ဒီနှစ်သင်းဟာ ကမ္ဘာ့ဖလားချန်ပီယံ တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးတဲ့ အသင်းတွေပါ။ နယ်သာလန်အတွက် ကမ္ဘာ့ဖလားဗိုလ်လုပွဲကို သုံးကြိမ်မြောက် တက်ရောက်ခွင့် ရရှိခြင်းဖြစ်ပေမယ့် စပိန်အတွက်တော့ ပထမဦးဆုံးအကြိမ်ပါ။

စပိန်တိုက်စစ်တွင် ဒေးဗစ်ဗီလာနှင့် တွဲဖက်၍ ခြေစွမ်းပြနေသည့် ပက်ဒရို။



ဗန်မားဝစ်ကိုင်တွယ်တဲ့ နယ်သာလန်အသင်းဟာ ဒီပွဲမှာ စတီကလင်းဘတ်၊ ဟိုင်တင်ဂါ၊ ဘရွန်ခရော့စ်၊ အိုအီဂျာ၊ ဗန်ဒါဗီလ်၊ ဒီဂျုန်း၊ ရှနိုက်ဒါ၊ ဘွန်မဲလ်၊ ဒရက်ကောက်၊ ရော်ဘင်၊ ဗန်ပါစီတို့နဲ့ ပွဲထွက်လာဖွယ်ရှိနေပြီး စပိန်ကတော့ ကာဆီးလက်စ်၊ ပီကေး၊ ပူယိုး၊ ကပ်ဒီဗီလာ၊ ရာမို့စ်၊ အင်နီယေစတာ၊ ဇာဗီ၊ အလွန်ဆို၊ ဘတ်စ်ကွက်စ်၊ ဒေးဗစ်ဗီလာ၊ ပက်ဒရိုတို့နဲ့ လူစုံလာဦးမှာပါ။

အားသာမှုရှိ

နယ်သာလန်ဟာ ရော်ဘင်ရဲ့ ညာတောင်ပံ ကစားအားနဲ့ အဓိကထိုးဖောက်လာမှာဖြစ်သလို ရှနိုက်ဒါ၊ ဒီဂျုန်းနဲ့ ဘွန်မဲလ်တို့ရဲ့ ကွင်းလယ်အားကလည်း တောင့်တင်းလှပါတယ်။ ဒါကြောင့် နယ်သာလန်ဟာ ဇာဗီ၊ အင်နီယေစတာနဲ့ အလွန်ဆိုတို့ရဲ့ စပိန်ကွင်းလယ်အားကို ကောင်းကောင်းယှဉ်နိုင်မှာပါ။ နောက်တန်းခံစစ်ကိုကြည့်ရင် ဘရွန်ခရော့စ် ဦးဆောင်တဲ့ နယ်သာလန်နောက်တန်းထက် ပူယိုးဦးဆောင်တဲ့ စပိန်နောက်တန်းက အနည်းငယ်အားသာမှုရှိပါတယ်။

ဒါ့ပြင် တိုက်စစ်ပိုင်းမှာ ဗန်ပါစီတစ်ဦးတည်း အထောင်ထားပြီး ပွဲထွက်လာမယ့် နယ်သာလန်ထက် ဒေးဗစ်ဗီလာနဲ့ ပက်ဒရို (သို့) ဖာနန်ဒိုတောရက်စ်တို့ တိုက်စစ်အတွဲက တစ်ဖက်နောက်တန်းကို ပိုခြိမ်းခြောက်နိုင်စွမ်းရှိမှာပါ။ နယ်သာလန်က ရှနိုက်ဒါနဲ့ ရော်ဘင်တို့ဟာ တစ်ကိုယ်တော်အစွမ်းနဲ့ ပွဲအဖြေကို ပြောင်းလဲနိုင်စွမ်းရှိပေမယ့် စပိန်တိုက်စစ်က တိုးအားပိုကောင်းတာကိုတော့ သတိပြုရမှာပါ။ ဒါ့ပြင် စပိန်ဂိုးသမား ကာဆီးလက်စ်က နယ်သာလန်ဂိုးသမား စတီကလင်းဘတ်ထက် ပိုစိတ်ချရပါတယ်။

နည်းပြပိုင်း

ဗန်မားဝစ်ဟာ ယူရို ၂၀၀၈ အပြီးမှ နယ်သာလန်ကို ကိုင်တွယ်ခဲ့တာဖြစ်ပြီး အတွေ့အကြုံရင့်ကျက်မှု မရှိသေးပေမယ့် နယ်သာလန်အသင်းရဲ့ ခြေစစ်ပွဲစဉ်များနဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အထိ ရှုံးပွဲမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပါတယ်။ စပိန်နည်းပြ ဗင်းဆင့်တေးဒဲလ်ဘော့ဂ်ကလည်း ယူရို ၂၀၀၈ ပြိုင်ပွဲပြီးမှ စပိန်အသင်းကို စတင်ကိုင်တွယ်ခဲ့တာပါ။ ဗင်းဆင့်တေးဒဲလ်ဘော့ဂ်ဟာ အတွေ့အကြုံ ရင့်ကျက်တဲ့နည်းပြတစ်ဦးဖြစ်သလို စပိန်အသင်းကို ရလဒ်ကောင်းအောင် စွမ်းဆောင်ပေးထားနိုင်ပါတယ်။

ရွေးချယ်

နည်းပြနှစ်ဦးစလုံးက ဗျူဟာပိုင်းကျွမ်းကျင်ပိုင်နိုင်ကြသလို အတွေ့အကြုံရင့်ကျက်ပြီး ခြေစွမ်းထက်ကစားသမားတွေကို ပိုင်ဆိုင်ထားကြတာကြောင့် ဗိုလ်စွဲနိုင်ခြေအခွင့်အရေး ဆတူရှိနေပါတယ်။ မိနစ် ၉၀အတွင်း သရေကျဖို့ ရာနှုန်းများနေပေမယ့် စပိန်အနိုင်ရဖို့ အလေးသာတဲ့ပွဲပါ။ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ဂျာမနီပါဝင်တဲ့ ပွဲစဉ်များကို မှန်ကန်အောင် ဟောကိန်းထုတ်နိုင်တဲ့ ရေဘဝဲပေါလ်ကတော့ စပိန်အလံကပ်ထားတဲ့ အစာခွက်ကို ရွေးချယ်လိုက်ကြောင်းပါ။ ။

ဝင်းတင်(ကြေးမုံ)

နယ်သာလန်ကွင်းလယ်တွင် အားထားရသည့် ကစားသမား ဒီဂျုန်း။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၀ခုနှစ်
စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၀ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနရုံး အဆောက်အအုံပတ်ဝန်းကျင်၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးလှထွန်းက ခရေပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာ အကြီးအကဲများနှင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက အရိပ်ရအပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ဝန်ကြီး ဦးလှထွန်းသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စိန်တလုံး သရက်စိုက်ခင်း၌ အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများက မိမိတို့ ဌာနစိုက်ခင်းများတွင် အရိပ်ရအပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍ ငါးသားပေါက်များ စိုက်ထည့်ခြင်းကို အောင်မင်္ဂလာဆည်၌ ကျင်းပရာ ဝန်ကြီး ဦးလှထွန်းက ဆည်အတွင်း ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်များ စိုက်ထည့်ပေးပြီး အရာထမ်း၊ အမှုထမ်းများ ဆည်အတွင်းသို့ ငါးသားပေါက်များ စိုက်ထည့်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်များ စိုက်ထည့်ခြင်းတွင် ကျွန်း၊ ပိတောက်၊ စိန်တလုံးသရက်၊ ပိန္နဲ၊ စိန်ပန်း၊ ကံ့ကော်၊ ဆီသပြေပင်၊ ခရေ၊ မဲဇလီ၊ ငုရွှေဝါပင် စုစုပေါင်း ၂၅၀၀ စိုက်ပျိုးခဲ့ပြီး ငါးမြစ်ချင်း ကောင်ရေ ၁၅၀၀၀၊ ငါးခုံးမကြီး ကောင်ရေ ၁၀၀၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၂၅၀၀၀ စိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း အောင်မင်္ဂလာဆည်အတွင်း ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်များ စိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

မြို့နယ်အဆင့် ပညာရေးဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှု သင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၁၀

ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ်အဆင့် ပညာရေးဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှု (TEMIS) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။(အောက်ပုံ)

မြို့နယ်အဆင့်ပညာရေးဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှု (TEMIS) သင်တန်းများကို ၂၀၀၇ ခုနှစ်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်၊ ၂၀၀၈ ခုနှစ်တွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်၊ ၂၀၀၉ ခုနှစ်တွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်တို့၌ ဖွင့်လှစ်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့၌ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၀ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမ ၈၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိုင်းနှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် - အမြွာစုံထောက်(အပိုင်း-၂၀)**
၁၁း၂၅	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သူသာအနားမှာရှိခဲ့ရင်**
၁၂း၃၀	၆။	ကျန်းမာသုတ
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၅၁)**
၂း၅၅	၈။	အပိုင်းနှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၄း၅၅	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၀။	**ဘဝကြေးမုံ -ယောက္ခမနှင့် ချွေးမ [ပိုင်ဇေရဲထွန်း၊ရဲနိုင်၊ ဆုပန်ထွာ၊ ချမ်းမီမီကို၊ ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]**
၆း၅၀	၁၁။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၂၈)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	နိုင်ငံတကာသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ကျန်းမာသုတ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၅၉)**
	၂၁။	လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၉)
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိုင်းနှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

၁၂-၇-၂၀၁၀ ရက် (တနင်္လာနေ့)

	၁။	၀၁း၀၀ **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) - နယ်သာလန်နှင့် စပိန် (Final)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၁၀

၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်တို့၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ အဖွဲ့ဝင် ဖခင်(သို့မဟုတ်) မိခင်အနေဖြင့် ဂုဏ်ထူးရရှိသည့် အထောက်အထား (သက်ဆိုင်ရာကျောင်းအုပ်ကြီး၏) ထောက်ခံချက်မူရင်း (သို့မဟုတ်) အမှတ်စာရင်း မိတ္တူ၊ အဖွဲ့ဝင် ဖခင်(သို့မဟုတ်)မိခင်၏ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူနှင့် သက်ဆိုင်ရာမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၏ မှန်ကန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ စက်တင်ဘာ ၁၄ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန်(ဒုတိယထပ်)ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အခမ်းအနား မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ ဇူလိုင် ၁၀

၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက မိတ္ထီလာအထက(၁)တွင် ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ထံမှပေးပို့သော ၂၀၁၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေက ဖတ်ကြားပြီး မြို့နယ်ဒုတိယရဲမှူးရွှေသောင်းက မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဒုတိယဥပဒေအရာရှိ ဒေါ်မေနွယ်စိုးက မူးယစ်ဆေးဝါး ဥပဒေအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဇေယျာလင်းက မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော စိတ်ရောဂါအကြောင်းကို လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာပေပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(အောက်ပုံ) (ခရိုင်ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

လက်တွေ့အသုံးချ Java Programming သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၀

ကွန်ပျူတာနည်းပညာကို လေ့လာနေသူများနှင့် ပြည်တွင်းပြည်ပတွင် အောင်မြင်သော Programmer တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် အထူးအကျိုးရှိစေမည့် “Software Solution with JAVA” သင်တန်းကို Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားမည် ဖြစ်သည်။

JAVA Programming Language သည် Software Industry ၌ အသုံးများ ရုံသာမက နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများတွင်လည်း အဓိက ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပေးလျက်ရှိသည်။ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် ကွန်ပျူတာနည်းပညာကို လေ့လာနေသူများ၊ နိုင်ငံခြားသွားကျောင်းတက်ရန် ရည်ရွယ်နေသူများအတွက် အထူးအကျိုးရှိစေမည့် သင်တန်းဖြစ်သည်။

ဤသင်တန်းတွင် JAVA ၏ အဓိကကျသော Core Programming Techniques များသာမက JAVA ၏ Advanced Language Features များဖြစ်သော Generics, Annotations, Threading, Collection အစရှိသည်တို့ကို လေ့လာရမည်ဖြစ်သည်။ ထို့အပြင် သင်တန်းသားများ၏ Problem Solving Skills, Creative Thinking Skills များ တိုးတက်လာစေရန်အတွက် လေ့ကျင့်ပေးမှုများလည်း ပါဝင်မည်ဖြစ်သည်။ အကျိုးဆက်အားဖြင့် နောင်အသစ်ထွက်ပေါ်လာသော Programming Language များ၊ နည်းပညာအသစ်များကို မိမိကိုယ်တိုင် Self-Study လုပ်နိုင်သွားပြီး အလွယ်တကူ ဆက်လက်လေ့လာနိုင်မည် ဖြစ်သည်။

အဆိုပါသင်တန်းများကို Programming အခြေခံရှိသူ မည်သူမဆို တက်ရောက်နိုင်ပြီး Programming အခြေခံမရှိသေးသူများသည် Programming Fundamental သင်တန်းမှတစ်ဆင့် တက်ရောက်နိုင်ကြောင်း၊ သင်တန်းကို ဇူလိုင် ၁၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် တက်ရောက်သင်ကြားရမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေ ၁၅ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဇူလိုင် ၁၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများသည် Gusto ကွန်ပျူတာ နည်းပညာသင်တန်းကျောင်း အမှတ်(၂၆)(၁၄)လမ်း(အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၄၄၉၆၊ ၀၉-၈၆၂၈၈၀၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အတည်ပြုချိန် - ၁၂း၂၀





ပြည်ထောင်စုမြန်မာနိုင်ငံ
မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေး ဖိတ်ကြားလွှာ

ပြည်ထောင်စုမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများ မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၁၈-၇-၂၀၁၀ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - ကုန်သည်များအသင်းခန်းမ၊ မူဆယ်မြို့

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး၊ ကုန်သည်များအသင်း

တရားမအထွေထွေလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက် လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄နှင့်ပုဒ်မ-၁၁၅)
တရားရုံးချုပ်၊ ရန်ကုန်မြို့
၂၀၁၀ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာမှုအမှတ်-၃၆

ဒေါ်ငွေငွေ နှင့် ဦးကျော်ထင်ပါ-၄
လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၁၀ ခုနှစ်၊ မေလ ၂၄ ရက်နေ့စွဲပါ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ နှင့် အမိန့်-၄၇၊ နည်းဥပဒေ-၁အရ လျှောက်လွှာနှင့်ပတ်သက်၍ ၁။ ဦးကျော်ထင် [တိုက်အမှတ်(၇)၊ အခန်း(၁၀၁)၊ ၅ လမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်း] (ယခင်လိပ်စာ ယခုနေရပ်လိပ်စာမသိနေ)လျှောက်ထားခံရသူ သိစေရမည်။

ဤအမှုတွင် လျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးလှဦးက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုလျှောက်လွှာကို ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် နံနက် ၁၀ နာရီတွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားရုံးချုပ်ရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

ဒေါ်ဖြူဖြူသွယ် [လက်ထောက်ညွှန်ကြားရေးမှူး]
တရားမဌာနခွဲ-၁၊ ဌာနစု-၄
တရားရုံးချုပ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံးတော်၌
၂၀၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၅

ဒေါ်ကြူ နှင့် ၁။ ဦးစိန်ဝင်း
၂။ ဦးစန်းလှိုင်ထွန်း
(ယခုလိပ်စာမသိ)
တရားလို **တရားပြိုင်**

ဒေါ်ကြူက တရားလိုတစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်သော အိမ်မြေဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ်၊ ဩဂုတ်လ ၁၃ရက် (၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **ဦးသန်းထွေး(တ/၁၆၈၅)**
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အမြန်ရောင်းမည် (ညှိနှိုင်းဈေး)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးဝိစာရလမ်း (၃၄)ရပ်ကွက်၊ စက်မှုဖွံ့ဖြိုးရေးဇုန်နှင့် မျက်နှာချင်းဆိုင် ပေ(၄၀×၆၀) တစ်ထပ်ခွဲတိုက်။
ဖုန်း-၅၆၃၄၆၄၊ ၀၉-၅၁၈၉၅၈၅၊ ၀၉-၅၀၃၁၈၂၈

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏ မိတ်ဆွေ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် ၃၅နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/စခန(နိုင်)၀၂၈၇၀] ကိုင်ဆောင်သူ ဦးအိထွန်း(တယ်လီဖုန်းအမှတ်-၀၉ ၅၁၆၅၄၉၈၊ ၇၃၀၀၃၀၃၉)သည် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (ဂ) ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၁၁၉၊ ၄ ထပ်ရှိတိုက်ခန်းအားဝယ်ယူရန် ဦးကျော်စိန် [၁၂/ဗတထ(နိုင်)၀၃၀၆၄၇]သို့ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တရားဝင်အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**
ဦးညီညီ (လိုင်စင်အမှတ်-၉၀၈၉)
အထက်တန်းရှေ့နေ
အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရွေးကောက်ပွဲဆိုင်ရာ သင်တန်း တာချီလိတ်တွင်ဖွင့်

တာချီလိတ် ဇူလိုင် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇွန် ၂၆ ရက် နံနက် ၉နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ယုက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်ကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးဝင်းသူအောင်ကမဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တို့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ အဖွဲ့ဝင် ခရိုင် ဥပဒေအရာရှိ ဦးစိုင်းကျော်ဇံက လွှတ်တော်သုံးရပ်နှင့်ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ အဖွဲ့ဝင် ခရိုင်လဝကဦးစီးမှူး ဦးထိန်ဝင်းက မဲစာရင်းပြုစုရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းမုတ်နွန်းက ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၏ လုပ်ငန်းတာဝန်များကို လည်းကောင်း ရှင်းလင်းပို့ချပြီးနောက် မဲရုံတွင် ဆန္ဒမဲပေးမှုကို လက်တွေ့သရုပ်ပြသသည်။ အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင် ၇၈ ဦး တက်ရောက်ကြကြောင်းသိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ဘုရား၊ ရဟန်း ကျောင်းဒါယကာကြီး ဒေါက်တာ ဦးတင်မောင်လတ် (တွံတေး)

အဖေကြီးရေ ဝေတို့သားအမိကို တကယ်ပဲ ခွဲခွာသွားတာ ၁၁-၇-၂၀၁၀ ရက်ဆို (၃)နှစ်ပြည့်သွားခဲ့ပြီ။ အဖေကြီးအတွက် လစဉ်လှူဒါန်းမှုအစုစုနှင့် ယနေ့ ၁၁-၇-၂၀၁၀ ရက်မှာ ဝါဆိုသင်္ကန်း ပရိက္ခရာနှင့် ဝတ္ထုအစုစုတို့ကို သံဃာတော် ၇၃ ပါးအား ရည်စူးပြီး ကောင်းမှုကုသိုလ် ပြုလုပ်ပေးပါတယ်။ သမီးလေးကလည်း ဒီအချိန်အခါမှာ မဲလ်ဘုန်းမှာ ကုသိုလ်ကောင်းမှု ပြုလုပ်ပေးနေပါတယ်။ အဖေကြီး မြင့်မြတ်သော ဘုံဘဝကနေ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

အဖေကြီးရေ အမျှ . အမျှ . အမျှ

ချစ်ဇနီး - ဒေါ်ခင်ညွန့်ဝေနှင့်
ချစ်သမီး - ခင်ချောစုယဉ်လတ်(ခ)စင်ဒီ
(ခေတ္တ ဩစတြေးလျ မဲလ်ဘုန်း)

တိုက်ခန်းဝယ်ယူထားသူများနှင့်အများသိစေရန်ကြေညာခြင်း

ရွှေကောင်းကင်ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်နေဆဲ ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ရပ်ကွက်၊ သုဒဿန(၁)လမ်း၊ အမှတ် ၄၇ ဟုခေါ်တွင်သည့် (၂)ခန်းတွဲ ၃ထပ်ခွဲအဆောက်အအုံအား လက်ရှိအခြေအနေမှ ပြီးစီးအောင် ဆောက်လုပ်ရန် စာချုပ်စာတမ်းဖြင့် လွှဲပြောင်းလက်ခံသူ ကျွန်ုပ်မိတ်ဆွေမှ ပြီးစီးအောင် ဆက်လက်ဆောက်လုပ်နေပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် လွှဲပြောင်းလက်ခံခြင်းဆိုင်ရာ ကတိစာချုပ်အရ ၁၀-၆-၂၀၁၀ ရက်တွင် မြေရှင်အပါအဝင် တိုက်ခန်းဝယ်ယူသူများသို့ ကမ်းလှမ်းဖိတ်ခေါ်ထားသည်နှင့်အညီ ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်၍ ဦးခင်မောင်သန်း[၁၂/တမန(နိုင်)၀၅၆၅၈၂] နှင့် စပ်ဆိုင်သည့် အခြားတိုက်ခန်းကိစ္စရှိသူ မည်သူမဆို ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိ၍ ၎င်းနှင့်တိုက်ရိုက်ဖြေရှင်းနိုင်ကြောင်း သိစေအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ လုပ်ငန်းစတင်ချိန်တွင် စာချုပ်ချုပ်ဆိုခြင်းမရှိသည့် တိုက်ခန်းများအတွက် အခန်းအားပြီးစီး၍ လက်ရောက်ပေးအပ်ချိန်၌ ရယူလျှင် ပထမအရစ် ကျွန်ုပ်မိတ်ဆွေရထိုက်သည့် ငွေမရသည့်အတွက် နစ်နာကြေးတောင်းဆိုမည်ဖြစ်ပြီး အကယ်၍ ပြီးစီးလျက် တစ်ပတ်အတွင်း လက်ရောက်တောင်းဆိုခြင်းမရှိသည့် တိုက်ခန်းများသည် မိမိပေးချေခဲ့ပြီး ငွေပြန်အမ်းသည်ကို လက်ခံမည်ဟု မှတ်ယူကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ ဆောက်လုပ်ခြင်းကို မမှန်မကန် ဟန့်တားနှောင့်ယှက်လာသည့် မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးပြည်သာ[၁၂/ကတတ(ပြု)၀၀၀၃၁၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘုန်းမင်း	**ဒေါ်ငွေငွေမာ**	**ဒေါ်လက်လက်လင်း**
စဉ်-၂၉၈၉	**စဉ်-၃၁၀၉၈**	**စဉ်-၂၉၄၃၅**

အထက်တန်းရှေ့နေများ
အမှတ်-၂၇(A)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ မြေကွက်အမှတ်(၂၀အေ/၂)၊ ဧရိယာ(၀.၁၄၆)ဧကအနက်မှ မခွဲမစိတ်ရသေးသော မြောက်ဘက်(၇၀')၊ အရှေ့ဘက်(၅၃' ၈")၊ အနောက်ဘက်(၄၅')ရှိ ဧရိယာ(၀. ၀၇)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၅၀၃/ဘီ)၊ ပြည်လမ်းသွယ်၊ တီစီစီရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်ခင်စန်းနွဲ့(ခ)ဒေါ်စန်းနွဲ့ [၁၂/လမန(နိုင်)၀၆၄၂၂၃] (NBN-၁၀၃၆၇၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ ဤနို့တစ်စာထုတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းထွန်း (စဉ်-၃၆၁၉)	**ဒေါ်ခင်အေးမြင့် (စဉ်-၇၁၅၈)**
H.G.P, LL.B, LL.M	**LL.B, LL.M**
Diploma in Business Law	**Diploma in Business Law**
Advocate	**Advocate**

အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၄၅၃၇၊ ၃၉၄၇၂၅၊ ၃၇၉၈၁၂၊ ၃၉၄၀၈၀၊ ၀၉-၈၀-၃၂၅၈၂၊ ၀၉-၅၁-၈၃၁၅၃



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-တက/၈၇၅၇၉၊ ယာဉ်အမျိုးအစား လော်ဂျားဒရင်း၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးစောထွန်းနိုင် မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၁၆၇၂၁၄] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

လွှဲအပ်ညွှန်ကြားချက်အရ -
(B.A., H.G.P, R.L., D.B.L)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁ L၊ မြေကွက်အမှတ်(၁၃)၊ အကျယ် ၃၀ ပေ × $\frac{၄၁ ပေ ၉ လက်မ}{၄၃ ပေ}$ ရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၁၀၈)ဟု ခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၂)ထပ်အဆောက်အအုံ (လက်ရှိလူနေအခန်းများမပါဝင်)တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေက ယင်းပစ္စည်းကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးညီညီလွင် [၁၂/ကတတ(နိုင်)၀၀၅၃၄၈]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ယင်းပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတင်ပြ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ နည်းလမ်းတကျ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအုန်းမောင်(ရန်ကင်း)
တရားရုံးချုပ်ရှေ့နေ (စဉ်-၆၈၁၈)

ရုံး-အမှတ်-၃၀/၃၄(A)	**အိမ်-၁၂၇၊ လူငယ်သစ္စာလမ်း၊**
၃၉ လမ်း (အောက်ဆုံး)	**၁၂ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့	**ရန်ကုန်မြို့**
ဖုန်း-၀၁-၂၄၈၂၃၉၊ ၀၉-၅၁၇၃၂၂၉	**ဖုန်း-၇၃၀၃၇၅၈၅**



စိမ်းကိုန်းတာဝန်ပေးအပ်ပွဲနှင့် မိုးစပါးအထွက်နှုန်း ကောင်းမွန်ရေး တာဝန်ပေးအပ်

ဟသ်ာတ ဇူလိုင် ၉

ဟသ်ာတမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ် စိမ်းကိုန်းရည်မှန်းချက်များနှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းကောင်းမွန်ရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်တွင် ဟသ်ာတမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိမ်းကိုန်းရေးဆွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာညိမ်းက နှစ်စဉ်စိမ်းကိုန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပြောကြားကာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တာဝန်ပေးအပ်ခြင်း၊ မိုးစပါးကောက်တန်းကြိုးများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ) (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဝိုင်းမော်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၆ ရက် နံနက် ၈ နာရီတွင် ဝိုင်းမော်မြို့နယ် မုတ်လွဲကျေးရွာအုပ်စု မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးမန်နေဂျာက မိုးစပါး စုပေါင်း ထွန်ယက် စိုက်ပျိုးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိုးစပါးစုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်လာကြသည့် ဒေသခံတောင်သူများအားတွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ကောက်စိုက်သမများအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဝိုင်းမော်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ရွှေရတနာခုစိုး ဒိုချက်ကင်သဘာဝမြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိရာ တာဝန်ရှိသူက ဒိုချက်ကင်မှိုမွေးမြူခြင်း၊ ဒိုချက်ကင်မှိုဖြင့် သဘာဝမြေဩဇာပြုလုပ်ခြင်း၊ ကုန်ကြမ်းရရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၀-၇-၂၀၁၀)

ကျိုက်မရော	၄ ဒသမ ၇၁ လက်မ
စစ်တွေ	၄ ဒသမ ၁၀ လက်မ
ရေး	၃ ဒသမ ၅၄ လက်မ
ချောင်းဆုံ	၃ ဒသမ ၃၉ လက်မ
သထုံ	၃ ဒသမ ၁၉ လက်မ
မုဒုံ	၂ ဒသမ ၉၅ လက်မ
ပေါင်	၂ ဒသမ ၉၅ လက်မ

၂၀၁၀(၁၉)ကြိမ်မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဇူလိုင် ၁၂ ရက်တွင် ပိတ်လှမည်

နယ်သာလန်နှင့် စပိန် ချန်ပီယံအသစ် ဘယ်သူဖြစ်မလဲ

သတင်း စာမျက်နှာ - ၁၁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး